၂၃၉။ တတ္ထတိဿဉ်ပမာယံ၊ ထိုဥပမာ၌။ ဆေကကုမ္ဘကာရဒယော၊ လိမ္မာသော အိုးထိန်းသည် အစရှိသည်တို့ကို။ ဒဋ္ဌဗ္ဗာဝိယ၊ ရှုမှတ်အပ်ကုန်သကဲ့သို့။ တထာ၊ တူ။ ဣဒ္ဓိဝိဓ ဉာဏလာဘီ၊ ဣဒ္ဓိဝိဓဉာဏ်ကို ရခြင်းရှိသော။ ဘိက္ခု၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ သုပရိကမ္မကတမတ္တိကာဒယော၊ ကောင်းစွာအပြေအပြစ်ပြုအပ်သောမြေညက်အစရှိသည်တို့ကို။ ဒဋ္ဌဗ္ဗာဝိယ၊ ကုန်သကဲ့သို့။ တထာ၊ တူ။ ဣဒ္ဓိဝိဓဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဣဒ္ဓိဆိတိစ္ဆိတဘာဇနဝိကတိအာဒိကရဏံ၊ အလိုရှိအပ်,အလိုရှိအပ်သော အိုးခွက်အထူး အစရှိသည်ကို ပြုခြင်းကို။ ဒဋ္ဌဗ္ဗံဝိယ၊ သို့။ တထာ၊ တူ။ တသ္မာဘိက္ခုနော၊ ၏။ ဝိကုဗ္ဗန်၊ တန်ခိုးဖန်ဆင်းခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။

၂၄၁။ ဒိဗ္ဗသောတဓာတု ဥပမာယံ၊ ဒိဗ္ဗသောတဓာတုဥပမာ၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဇဝံ၊ ဤဆိုအပ်လတ္တံ့.သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ယသ္မာ၊ ကြောင့်။ ကန္တာရဋ္ဌာနမဂ္ဂေါ၊ ၎ရကို လွန်မြောက်စေရာဖြစ်သော အဓွန်.ရှည်သောခရီးသည်။ ဝါ၊ ရေဖြင့် လွန်မြောက်အပ်သော အဓွန်.ရှည်သောခရီးသည်။ သာသင်္ကော၊ ရုံရှာခြင်းနှင့်တကွဖြစ်သည်။ ဝါ၊ ရုံရှာခြင်း

http://www.dhammadownload.com

ရှိသည်။ သပ္ပဒ္ဒိဘယော၊ ဘော:,ဘျမ်းနှင့်တကွဖြစ်သည်။ ဝါ၊ ဘော:ဘျမ်းရှိသည်။ ဟောတိ၊ ၏။ တတ္ထတသ္မိံကန္တာရဒ္ဒါနမဂ္ဂေ၊ ထိုရေကို လွန်မြောက်စေရာဖြစ်သော အဓွန်ရှည်သော ခရီး။ဒ္ဒ်။ ဝါ၊ ရွေဖြင့်လွန်မြောက်အပ်သော အဓွန်ရှည်သောခရီး်ဒ္ဒ်။ ဥဿက်ိတပရိသက်ိတေန၊ အယုတ်အားဖြင့် ရွံရှာခြင်း, အဖန်ဖန်ရွံရှာခြင်းဖြင့်။ အယံသဒ္ဒါ၊ ဤအသံသည်။ ဘေရီသဒ္ဒါ၊ စည်ကြိုးသံတည်း။ အယံသဒ္ဒါ၊ သည်။ မုဒိင်္ဂသဒ္ဒါ၊ မုရိုးစည်သံတည်း။ ဣတိ၊ သို့။ ဝဝတ္ထပေတုံ၊ အထူးအားဖြင့် သီးသန့်ခြားနား ၍ တည်စေခြင်းငှါ။ ဝါ၊ ပိုင်းခြားမှတ်သားခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်းခဲ့။ တသ္မာ၊ ထို့ကြောင့်။ ကန္တာရဂ္ဂဟဏံ၊ ကန္တာရသဒ္ဒါကို။ ဝါ၊ ကန္တာရ–သဒ္ဒါကို ယူခြင်းကို။ အကတ္တာ၊ မပြုမူ၍။ ခေမမဂ္ဂံ၊ ဘေးတို့၏ ကုန်ခမ်းရာဖြစ်သော ခရီးကို။ ဒဿေန္တော၊ ပြတော်မူလို သည်၏အဖြစ်ကြောင့်။ အဒ္ဒါနမဂ္ဂပ္ပဋိပန္နောတိ၊ ဟူ၍။ အာဟ၊ မိန့်တော်မူပြီ။ ။(တနည်း)။ ။အဒ္ဒါနမဂ္ဂပ္ပဋိပန္နောတိ ဣမံ ပါဠိ၊ အဒ္ဒါနမဂ္ဂပ္ပဋိပန္နော–ဟူသော ဤပါဠိကို။ အာဟ၊ ပြီ။

(တနည်း)။ ။အဒ္ဒါနမဂ္ဂပ္ပဋိပန္နောတိ ဣမိနာပါဌေန၊ အဒ္ဒါနမဂ္ဂပ္ပဋိပန္နော–ဟူသော ဤပါဠိဖြင့်။ ခေမမဂ္ဂပ္ပဋိပဒ္ဒနံ၊ ဘေးတို့၏ကုန်ခမ်းရာဖြစ်သောခရီးသို့သွားခြင်းကို။ အာဟ၊ ပြီ။ ဟိ၊ မထင်ကွယ်မြုပ်...ပြုအံ့။ အပ္ပဋ္ဌာယံ၊ ဘော:,ဘျမ်းမရှိသော။ ခေမမဂ္ဂံ၊ ဘေးတို့၏ ကုန်ခမ်းရာဖြစ်သော ခရီးသို့။ သိသေ၊ ဦးခေါင်း်ဒ္ဒ်။ သာဋကံ၊ ပုဆိုးကို။ကတ္တာ၊ ထား၍။ ဝါ၊ တင်၍။ သဏိကံ၊ ဖြေးဖြေး,နေးနေး။ ပဋိပန္နော၊ သွားသော။ ပုရိသော၊ သည်။ ဝုတ္တပ္ပကာရေ၊ ပါဠိတော်၌ဆိုအပ်ပြီးသော အပြားရှိကုန်သော။ သဒ္ဒေ၊ အသံတို့ကို။ သုခံ၊ ချမ်းသာစွာ။ ဝါ၊ ချမ်းချမ်း,သာသာ။ ဝဝတ္ထပေတိ၊ အထူးအားဖြင့် သီးသန့်ခြားနား၍ တည်စေနိုင်၏။ ဝါ၊ ပိုင်းခြားမှတ်သားနိုင်၏။ တဿပုရိသဿ၊ အား ဝါ၊ ၏။တေသံ်တေသံ သဒ္ဒါနံ၊ တို့၏။ အာဝိဘူတကာလော၊ ထင်ရှားဖြစ်ရာအခါကို။ ဝေဒိတဗ္ဗောဝိယ၊ သို့။ တထာ၊ တူ၊ ယောဂိနော၊ ယောဂိပုဂ္ဂိုလ်အား။ ဒူရသန္တိကဘေဒါနံ၊ ဒူရ,သန္တိကအပြားရှိကုန်သော။ ဝါ၊ အဝေး,အနီး အပြားရှိကုန်သော။ ဒီဗ္ဗာနံ၊ နတ်ဒ္ဒါဖြစ်ကုန်သော။ သဒ္ဒါနံစေဝ၊ အသံတို့၏ လည်းကောင်း။ မာနုသကာနံ၊ လူဒ္ဒါဖြစ်ကုန်သော။ သဒ္ဒါနံစ၊ တို့၏လည်းကောင်း။ အာဝိဘူတကာလော၊ကို။ ဝေဒိတဗ္ဗော၊ ၏။

၂၄၃။ စေတောပရိယဉာဏပမာယံ၊ စေတောပရိယဉာဏပမာဒ္ဒ်။ ဝါ၊ စေတောပရိယဉာဏ်၏ ဥပမာဒ္ဒ်။ ဝိနိစ္ဆယော၊ ကို။ ဇဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ဒဟရောတိ၊ ကား။ တရုဏော၊ နုပျိုသော။ ယုဝါတိ၊ ကား။ ယောဗ္ဗနေန၊ နုပျိုသည်၏အဖြစ်နှင့်။ ဝါ၊ ကောင်းသော အရွယ်နှင့်။ သမန္နာဂတော၊ ကောင်းစွာလျော်စွာယှဉ်သော။ ဝါ၊ ပြည့်စုံသော။မဇ္ဈနဂရတိကောတိ၊ ကား။ ပုရိသော၊ သည်။ ယုဝါ၊ ပျိုမြစ်နုနယ်သည်။ သမာနောပိ၊သော်လည်း။ အာလသိယော၊ ပျင်းရိသည်။ နဟောတိ၊ ဖြစ်သည်မဟုတ်။ ကိလိဋ္ဌဝတ္ထသရီရောညစ်နွမ်းသော အဝတ်,ညစ်နွမ်းသောကိုယ်ရှိသည်။ နဟောတိ၊ မဟုတ်။ အထခေါ၊ အဟုတ်အမှန်ကား။ မဇ္ဈနပကတိကော၊ တနေ့လျှင် သုံးကြိမ်တန်ဆာဆင်ခြင်းဟူသော ပင်ကိုယ်သဘောရှိသည်။ ဟောတိ၊ ၏။ ဒိဝသဿ၊ တနေ့၏။ ဝါ၊ တနေ့တွင်။ ဝါ၊ တနေ့လျှင်။ ဒွေတယောဝါရေ၊

http://www.dhammadownload.com

နှစ်ကြိမ်,သုံးကြိမ်တို့တိုင်တိုင်။ နာယိတွာ၊ ရေချိုးခြင်းသွေးဝတ္ထုပရိဒဟန အလင်္ကာရကရဏာသိလော၊ စင်ကြယ်သောအဝတ်ကို ဝတ်ခြင်း, တန်ဆာဆင်ခြင်းအလေ့ရှိသည်။ ဟောတိ၊ ၏။ လ္ဟတိအယ်၊ ကား။ အတ္ထော၊ တည်း။

သကဏိကန္တိ၊ ကား။ ကာဠတိလကဝက်မုခခရ ပိဋကာဒီနံ၊ နှမ်းကြီးစေ့အတိုင်း အရှည်ရှိသော မှည့်မည်း,ဖောက်ပြန်သောကိုယ်အင်္ဂါ,မျက်နှာဋ္ဌေါက်ရောက်သော ကြမ်းတမ်းသော ဝတ်ခြင်,အဖုအစရှိသည်တို့တွင်။ ဝါ၊ ညိုသောအဆင်းရှိသော တင်းတိပ်,မှည့်မည်း၊ ဖောက်ပြန်သောကိုယ်အင်္ဂါ, မျက်နှာဋ္ဌေါက်ရောက်သော ကြမ်းတမ်းသော ဝတ်ခြင်,အဖုအစရှိသည်တို့တွင်။ အညတရေန၊ အမှတ်မထား တပါးပါးသော အပြစ်ဖြင့်။ သဒေါသံ၊ အပြစ်နှင့်တကွဖြစ်ခဲ့၏။ ဝါ၊ အပြစ်ရှိခဲ့၏။ တတ္ထတိသံဉပမာယံ၊ ထိုစေတောပရိယ ဉာဏူပမာဌ်။ မုခနိမိတ္တံ၊ မျက်နှာရိပ်ကို။ ပစ္စဝေက္ခတော၊ ရွှဆင်ခြင်သော။ တဿပုရိသဿ၊ အား။ မုခေ၊ မျက်နှာဌ်။ သံဝိဇ္ဇမာနော၊ ထင်ရှားရှိသော။ ဒေါသော၊ အပြစ်သည်။ ။(တနည်း)။ ။မုခေ ဒေါသော၊ မျက်နှာဌ်ဖြစ်သော အပြစ်သည်။ ဝါ၊ မျက်နှာဌ်ဖြစ်သောအပြစ်, မျက်နှာဌ်ဖြစ်သော အပြစ်၏ဆန့်ကျင်ဘက်ဖြစ်သော ဂုဏ်သည်။ ပါကဋော၊ ထင်ရှားသည်။ ဟောတိယထာ၊ သို့။ ဧဝံ၊ တူ။ စေတောပရိယဉာဏာယ၊ စေတောပရိယဉာဏ်အကျိုးငှါ။ စိတ္တံ၊ စတုတ္ထဈာန်စိတ်ကို။ အဘိနိဟရိတွာ၊ စေတောပရိယဉာဏ်သို့ ရှေးရှုဆောင်၍။ နိသိန္နဿ၊ နေသော။ ဘိက္ခုနော၊ အား။ ပရေသံ၊ တို့၏။ သောဋ္ဌသဝိဓံ၊ တဆယ့်ခြောက်ပါးအပြားရှိသော။ စိတ္တံ၊ သည်။ ပါကဋံ၊ သည်။ ဟောတိ၊ ၏။ လ္ဟတိ၊ သို့။ ဧဝံတဇ္ဇံ၊ ၏။

၂၄၅။ ပုဗ္ဗေနိဝါသဉာဏူပမာယံ၊ ဌ်။ ဝါ၊ ပုဗ္ဗေနိဝါသဉာဏ်၏ ဥပမာဌ်။ တံဒိဝသံ၊ ထို နေ့ဌ်။ ကဝါကိရိယာ၊ ပြုအပ်ပြီးသော ကိရိယာသည်။ ဝါ၊ ပြုအပ်ပြီးသော အမှုအရာသည်။ ပါကဋာ၊ သည်။ ဟောတိ၊ ၏။ လ္ဟတိတသ္မာ၊ ထိုသို့ ထိုနေ့ဌ် ပြုအပ်ပြီးသော အမှုအရာ၏ ထင်ရှားသည်၏အဖြစ်ကြောင့်။ တံဒိဝသံ၊ ဌ်။ ဂတဂါမတ္တယမေဝ၊ သွားရောက်အပ်သော ရွာတို့၏ သုံးခုတို့၏ အပေါင်းကိုသာလျှင်။ ဂဟိတံ၊ ယူတော်မူအပ်ပြီ။ တတ္ထတိသံဉပမာယံ၊ ထိုပုဗ္ဗေနိဝါသဉာဏူပမာဌ်။ ဂါမတ္တယဂတပုရိသော၊ ရွာတို့၏သုံးခုတို့၏အပေါင်းသို့ သွားရောက်ဘူးသော ယောကျ်ားကို။ ဒဋ္ဌော၀ိယ၊ သို့။ တထာ၊ တူ။ ပုဗ္ဗေနိဝါသဉာဏလာဘီ၊ ပုဗ္ဗေနိဝါသဉာဏ်ကို ရခြင်းအလေ့ရှိသော။ ဘိက္ခု၊ ကို။ ဒဋ္ဌော၊ ၏။ တယော၊ ကုန်သော။ ဂါမာ၊ ရွာတို့ကို။ ဒဋ္ဌဗ္ဗာဝိယ၊ ရှုမှတ်အပ်ကုန်သကဲ့သို့။ တထာ၊ တူ။ တယော၊ သုံးပါးကုန်သော။ ဘဝါ၊ ဘဝတို့ကို။ ဒဋ္ဌော၊ ကုန်၏။ တဿပုရိသဿ၊ အား။ တီသု၊ ကုန်သော။ ဂါမေသု၊ တို့ဌ်။ တံဒိဝသံ၊ ဌ်။ ကတကိရိယာယ၊ ပြုအပ်ပြီးသော ကိရိယာ ၏။ ဝါ၊ ပြုအပ်ပြီးသော အမှုအရာ၏၊ အာဝိဘာဝေါ၊ ထင်ရှားသည်၏အဖြစ်ကို။ ဒဋ္ဌော ဝိယ၊ သို့။ တထာ၊ တူ။ ပုဗ္ဗေနိဝါသာယ၊ ပုဗ္ဗေနိဝါသဉာဏ်အကျိုးငှါ။ စိတ္တံ၊ စတုတ္ထဈာန်စိတ်ကို။ အဘိနိဟရိတွာ၊ ပုဗ္ဗေနိဝါသဉာဏ်သို့ရှေ့ရှုဆောင်၍။ နိသိန္နဿ၊ သော။ ဘိက္ခုနော၊ အား။ တီသု၊ ကုန်သော။ ဘဝေသု၊ တို့ဌ်။ ကတကိရိယာယ၊ ပြုအပ်ပြီးသောကိရိယာ ၏။ ဝါ၊ ပြုအပ်ပြီးသော အမှုအရာ၏။ ပါကဋဘာဝေါ၊ ထင်ရှားသည်၏ အဖြစ်ကို။ ဒဋ္ဌော၊၏။

http://www.dhammadownload.com

၂၄၇။ ဒိဗ္ဗစက္ခုပမာယံ၊ ၌။ ဝါ၊ ဒိဗ္ဗစက္ခုအဘိညာဉ်၏ဥပမာ၌။ ဝိထိ သဠာရန္တေ တိ၊ ကား။ အပရာပရံ၊ အဆင့်ဆင့်။ ဝါ၊ ခေါက်တဲ့ခေါက်ပြန့်။ ဝါ၊ လူးလာ, လူးလာ။

(တနည်း)။ ။အပရာပရံ၊ တပါး,တပါးသော။ ဝါ၊ အဆင့်ဆင့်ဖြစ်သော။ ဝိထိ၊ ခရီးသို့။ သဠာရန္တေ၊ လှည့်လည်သွားလာကြကုန်သော။ မနဿေပိ၊ လူတို့ကိုလည်း။ ပသေယျ၊ မြင်ရရာ၏။ * ရထိကံသဠာရန္တေ ပိ၊ ဟူ၍လည်း။ ပါဠိဌော၊ ပါဠိတော်ပါ၌သည်။ ကတ္ထစိပေါတ္ထကေ၊ အချို့သောပေ၌။ အတ္ထိ၊ ရှိကြသေး၏။ အယမေဝ အတ္ထော၊ ဤဆိုအပ်ပြီးသော အနက်ကိုသာလျှင်။ ဝေဒိတဗ္ဗော၊ ၏။

တတ္ထတိသဒ္ဒဉ်ပမာယံ၊ ထိုဒိဗ္ဗစက္ခုဉာဏ်ပမာ၌။ နဂရမဇ္ဈေ၊ မြို့၏အလယ်၌။ ဝါ၊ မြို့၏ အလယ်ဖြစ်၍ဖြစ်သော။ သိယာဥကမှိ၊ လမ်းဆုံ, လမ်းမ,လမ်းလေးခွ၌။ ပါသာဒေါ၊ ပြာသာဒ်ကို။ ဒဋ္ဌဗ္ဗောဝိယ၊ သို့။ တထာ၊ တူ။ ဣမဿဘိက္ခုနော၊ ဤဒိဗ္ဗစက္ခုအဘိညာဉ် နှင့် ပြည့်စုံသော ရဟန်း၏။ ကရဇကာယော၊ ကရဇကာယကို။ ဒဋ္ဌဗ္ဗော၊ ၏။ ပါသာဒေ၊ ၌။ ဌိတော၊ တည်သော။ စက္ခုမာ၊ ပသာဒစက္ခုရှိသော။ ပုရိသော၊ ကို။ ဒဋ္ဌဗ္ဗောဝိယ၊ သို့။ တထာ၊ တူ။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုအဘိညာဉ်သို့။ ပတ္တော၊ ရောက်၍။ ဌိတော၊ တည်သော။ အယမေဝဘိက္ခု၊ ကိုသာလျှင်။ ဒဋ္ဌဗ္ဗော၊ ၏။ ။ဂေဟံ၊ အိမ်သို့။ ပဝိသန္တေ၊ ဝင်သော။ မနုဿော၊ ကို။ ဒဋ္ဌဗ္ဗောဝိယ၊ သို့။ တထာ၊ တူ။ ပဋိသန္ဓိဝသေန၊ ပဋိသန္ဓေ၏ အစွမ်းအားဖြင့်။ မာတုကုစ္ဆိယံ၊ အမိဝမ်းသို့။ ပဝိသန္တေ၊ ဝင်သော။ သတ္တော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဂေဟာ၊ မှ။ နိက္ခမန္တေ၊ ထွက်သော။ မနုဿော၊ ကို။ ဒဋ္ဌဗ္ဗောဝိယ၊ သို့။ တထာ၊ တူ။ မာတုကုစ္ဆိတော၊ အမိဝမ်းမှ။ နိက္ခမန္တေ၊ ထွက်သော။ ဝါ၊ ဖွားသော။ သတ္တော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ရထိကာယ၊ တခုသော ရထားလမ်းမမှ။ ဝိထိ၊ တခုသော လမ်းခရီးသို့။ သဠာရန္တေ၊ လှည့်လည်သွားလာကြကုန်သော။ မနုဿာ၊ တို့ကို။ ဒဋ္ဌဗ္ဗာဝိယ၊ ကုန်သကဲ့သို့။ တထာ၊ တူ။ အပရာပရံ၊ အဆင့်ဆင့်။ ဝါ၊ ခေါက်တဲ့ခေါက်ပြန်။ သဠာရကာသတ္တာ၊ လှည့်လည်သွားလာတတ်ကုန်သော သတ္တဝါဝို့ကို။ ဒဋ္ဌဗ္ဗာ၊ ကုန်၏။ ပုရတော၊ ရှေ့မှ။ အတ္တောကာသဋ္ဌာနေ၊ လွင်တီးခေါင်အရပ်၌။ ဝါ၊ လွင်တီးခေါင်အရပ်ဖြစ်၍ဖြစ်သော။ မဇ္ဈေ၊ မြို့၏အလယ်၌။ ဝါ၊ မြို့၏အလယ်ဖြစ်၍ဖြစ်သော။ သိယာဥကေ၊ လမ်းဆုံ,လမ်းမ, လမ်းလေးခွ၌။ နိသိန္နာ၊ နေကြကုန်သော။ မနုဿာ၊ တို့ကို။ ဒဋ္ဌဗ္ဗာဝိယ၊ ကုန်သကဲ့သို့။

---

* မှတ်ချက်။ ။[ဤအရာ၌။ ။ဝိဒိသဠာရန္တေ တိဝိပါဌော။ ။ဟု မူတို့၌ ပါဠိရှိကြ၏။ ရှိတိုင်းလည်း။ ။ဝိဒိသဠာရန္တေ တိဝိ၊ ဟူ၍လည်း။ ပါဠိဌော၊ ပါဠိသည်။ အတ္ထိ၊ ၏။ အယမေဝတ္ထော၊ ဤဆိုအပ်ပြီးသော အနက်လျှင်တည်း။ ။ဟုနေရင်းမူနိသျဟောင်း၌ ရေး၏။ ဤ ဝိဒိသဠာရန္တေ-ဟူသော ပါဠိကား ပါဠိပျက်သာတည်း။ ဝိဒိ-သဒ္ဒါ,သို့မဟုတ် ဝိဒိသံ-သဒ္ဒါများသည်(ခရီးဟော) ဟူ၍ မရှိခဲ့။ ရထိကံသဠာရန္တေ တိဝိ ပါဠိဌော။ ။ဟူသော ပါဠိသာ သင့်မြတ်၏။ ။ပါဠိယံ ရထိကာယ ရထိကံ သဠာရန္တေ တိ အညာယ ရထိကာယ အညံရထိကံ သဠာရန္တေ တိအတ္ထော။ တေနအပရာပရံသဠာရကံဒဿိတန္တိ အာဟအပရာပရံသဠာရန္တေ တိ။ တံတံကိစ္စဝသေန ဣတော စိတော စ သဠာရန္တေ တိ ဝုတ္တံဟောတိ။ အယမေဝတ္ထောရထိကဝိထိသဒ္ဒါနမေကတ္ထတ္တာ။ ။ဟူသော ဋီကာသစ်နှင့်လည်း ညီ၏။]

http://www.dhammadownload.com

တထာ၊ တူ။ တိသု၊ သုံးပါးကုန်သော။ ဘဝေသု၊ ဘဝတို့တွင်။ တတ္ထ တတ္ထ တသ္မိံ တသ္မိံ ဘဝေကဒေသေ၊ ထိုထိုဘဝတစိတ်၌။ နိဗ္ဗတ္တသတ္တာ၊ ဖြစ်သော သတ္တဝါတို့ကို။ ဒဋ္ဌာ၊ကုန်၏။ ပါသာဒတလေ၊ ပြာသာဒ်အပြင်၌။ ဌိတ ပုရိသဿ၊ တည်သောယောကျ်ားအား။ တေသံ မနုဿာနံ၊ တို့၏။ အာဝိဘူတကာလော၊ ထင်ရှားဖြစ်ရာအခါကို။ ဒဋ္ဌဗ္ဗောဝိယ၊ သို့။ တထာ၊ တူ။ဒိဗ္ဗစက္ခုဉာဏာယ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်အကျိုးငှါ။ စိတ္တံ၊ စတုတ္ထစျာန်စိတ်ကို။ အဘိနိဟရိတွာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်သို့ရှေ့ရွှေ့ဆောင်၍။ နိသိန္နဿ၊ သော။ ဘိက္ခုနော၊ အား။ တိသု၊ ကုန်သော။ ဘဝေသု၊ တို့၌။ နိဗ္ဗတ္တသတ္တာနံ၊ ဖြစ်သောသတ္တဝါတို့၏။ အာဝိဘူတကာလော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

စ၊ အပြစ်တင်ရန်၊ စုဒ်အကျွန်ကို၊ ပယ်လှန်ဖျက်ကာ၊ ဆက်ပြပါအံ့။ ဣဒံဝစနံ၊ တိသုဘဝေသုနိဗ္ဗတ္တသတ္တာနံ–ဟူသော ဤသဒ္ဒါကို။ ဝါ၊ သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇမာနေ အစရှိသော ဤသဒ္ဒါကို။ ဒေသနာသုခတ္တမေဝ၊ ဒေသနာတော်၏ ချမ်းသာသည်၏အဖြစ်ဟူသော အကျိုးငှါသာလျှင်။ ဝါ၊ ဟောတော်မူခြင်းငှါ ချမ်းသာခြင်းအကျိုးငှါသာလျှင်။ ဝါ၊ ဟောတော်မူရခြင်းငှါလွယ်ကူသည်၏အဖြစ်ဟူသော အကျိုးငှါသာလျှင်။ မယာ၊ သည်။ ဝုတ္တံ၊ ပြီ။ ။(တနည်း)။ ။ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ပြီ၊ ဣဒံဝစနံ၊ တိသုဘဝေသု နိဗ္ဗတ္တသတ္တာနံ–ဟူသော ဤသဒ္ဒါကို၊ ဝါ၊ သတ္တေပဿတိစဝမာနေ ဥပပဇ္ဇမာနေ အစရှိသော ဤသဒ္ဒါကို။ ဒေသနာသုခတ္တမေဝ၊ ငှါသာလျှင်။ မယာ၊ သည်။ ကိဉ္စာပိ ဝုတ္တံ၊ အကယ်၍ကားဆိုအပ်ပေပြီ။ ။(တနည်း)။ ။ဘဂဝတာ၊ သည်။ ကိဉ္စာပိဝုတ္တံ၊ အကယ်၍ကားဟောတော်မူအပ်ပေပြီ။ ပန၊ ထိုသို့ပင်ဟောတော်မူအပ်ပါသော်လည်း။ အာရဗ္ဘ၊ အရူပဘုံ၌။ ဒိဗ္ဗစက္ခုဿ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်၏။ ဂေါစရော၊ ကျက်စားရာအရပ် သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။

၂၄၈။ သောဧဝံသမာဟိတေစိတ္တေတိဣဓ၊ ပါဠိ၌။ ဝိပဿနာပါဒကံ၊ ဝိပဿနာ၏အခြေဖြစ်သော။ ဝါ၊ ဝိပဿနာ၏အကြောင်းရင်းဖြစ်သော။ စတုတ္ထဈာနစိတ္တံ၊ ကို။ ဝေဒိတဗ္ဗံ၊ ၏။

အာသဝါနံခယဉာဏာယာတိ၊ ကား။ အာသဝါနံ၊ အာသဝေါတရာ:တို့၏။ ခယဉာဏာနိဗ္ဗတ္တနတ္ထာယ၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို သိမြင်တတ်သော အရဟတ္တမဂ်ဉာဏ်ကိုဖြစ်စေရခြင်းအကျိုးငှါ။ ။(တနည်း)။ ။အာသဝါနံ၊ တို့၏။ ဝါ၊ တို့ကို။ ခယဉာဏာနိဗ္ဗတ္တ နတ္ထာယ၊ ကုန်ကြောင်းဖြစ်သောအရဟတ္တမဂ်ဉာဏ်ကို ဖြစ်စေရခြင်းအကျိုးငှါ။ ဝါ၊ ကုန်စေတတ်သော အရဟတ္တမဂ်ဉာဏ်ကို ဖြစ်စေရခြင်းအကျိုးငှါ။ စိတ္တံ၊ ဝိပဿနာစိတ်ကို။ အဘိနိဟရတိ၊ အာသဝက္ခယဉာဏ်သို့ရှေးရွှေဆောင်၏။ စ၊ လီနန္တု ရ၊ သမ္ဘဝကြောင့်။ သူကကတ်ဘီ၊ ဝါကျွဲကို၊ မှတ်သိဘို့ရာ၊ လီနတ္ထာကို၊ ဆက်ကာပြပိမ့်။ ဇတ္ထဇတသို့ပါဠေ၊ အာသဝါနံခယဉာဏာယ–ဟူသော ဤပါဠိ၌။ မဂ္ဂေါပိ၊ မဂ်ကိုလည်းကောင်း။ ဖလမိ၊ ဖိုလ်ကိုလည်းကောင်း။ နိဗ္ဗာနမိ၊ နိဗ္ဗာန်ကိုလည်းကောင်း။ ဘဂ်ေါပိ၊ ဘဂ်ကွဲကာကိုလည်း ကောင်း။ ဝါ၊ ပျက်စီးခြင်းကိုလည်း ကောင်း။ အာသဝါနံ ခယောနာမ၊ အာသဝါနံခယ–မည်၏ ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိ၊ အလွန်ကျဉ်းဘိ...ပိမ့်။ ခယေဉာဏ်အနုပ္ပါဒေဉာဏန္တိဇတ္ထ၊ ပါဠိ၌။ မဂ္ဂေါမဂ်ကို။ အာသဝါနံ

http://www.dhammadownload.com

ခယောတိ၊ အာသဝါနံခယ–ဟူ၍။ ဝုတ္တော၊ ပြီ။

(သာဓကပါဠိအနက်။ ။ခယေ၊ အာသဝေါတရားတို့ကို ကုန်စေတတ်သော အရဟတ္တမဂ်၌။ ဝါ၊ အာသဝေါတရားတို့၏ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်၌။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ သည်။ အတ္ထိ၊ ၏။ အနုပ္ပါဒေ၊ အာသဝေါတရားတို့ကို မဖြစ်စေတတ်သော အရိယဖိုလ်၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ အတ္ထိ၊ ၏။)

အာသဝါနံခယာ သမဏောတိတိတ္ထော၊ ၌။ ဖလံ၊ အရဟတ္တဖိုလ်ကို၊ အာသဝါနံခယော၊ ဟူ၍။ ဝတ္တံ၊ ပြီ။

(သာဓကပါဠိ၏အနက်ကား။ ။အာသဝါနံ၊ တို့၏။ ခယာ၊ ကုန်ပြီးရာဖြစ်သော အရဟတ္တဖိုလ်ကြောင့်။ ဝါ၊ ကုန်စေပြီးသောအရဟတ္တဖိုလ်ကြောင့်။ ဝါ၊ ကုန်စေပြီးကြောင်းဖြစ်သော အရဟတ္တဖိုလ်ကြောင့်။ သမဏော၊ ရဟန်းသည်။ ဟောတိ၊ ၏။)

ပရဝဒ္ဓာနုပသိဿ၊ နိစ္စံဥဇ္ဈာနသညိနော၊

အာသဝါတဿဝပ္ပန္တိ၊ အာရာသော အာသဝက္ခယာတိတ္ထော၊

ဟူသော ဤခမ္ဘပဒပါဠိတော်ပါ၌၌။ နိဗ္ဗာန်၊ ကို။ အာသဝါနံခယော၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

(ဂါထာ၏အနက်ကား။ ။ပရဝဒ္ဓာနုပသိဿ၊ တပါးသောသူတို့၏ အပြစ်ကို အဖန်ဖန်ရှုလေ့ရှိသော။ နိစ္စံ၊ အမြဲ။ ဥဇ္ဈာနသညိနော၊ ကဲ့ရဲ့ခြင်း၌ဖြစ်သော သညာရှိသော။ တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ အာသဝါ၊ လေးပါးသော အာသဝတို့သည်။ ဝမ္ဠန္တိ၊ တိုး ပွားကုန်၏။ ပရဝဒ္ဓနုပသိ၊တပါးသောသူတို့၏ အပြစ်ကို အဖန်ဖန်ရှုလေ့ရှိသော။ နိစ္စံ၊ အမြဲ။ ဥဇ္ဈာနသညိ၊ကဲ့ရဲ့ခြင်း၌ဖြစ်သော သညာရှိသော။ သောပုဂ္ဂလော၊ သည်။ အာသဝက္ခယာ၊ အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်မှ။ အာရာ။ ဝေး၏။)

အာသဝါနံခယောဝယောဘောဒေါအနိစ္စတာအန္တ ရဓာနန္တိ ဏ္ဍော၊ ၌။ ဘင်္ဂါ၊ ဘင်္ဂကွဏကို။ ဝါ၊ ပျက်စီးခြင်းကို။ အာသဝါနံခယော၊ ဟူ၍။ ဝုတ္တော၊ ပြီ။

(သာဓကပါဠိအနက်ကား။ ။အာသဝါနံ၊ တို့၏။ ခယော၊ ကုန်ခြင်းသည်။ ဝယော၊ ပျက်စီးခြင်းသည်။ ဘေဒေါ၊ ပျက်စီးခြင်းသည်။ အနိစ္စတာ၊ မမြဲသည်၏အဖြစ်သည်။ အန္တ ရဓာနံ၊ ကွယ်ပျောက်ချုပ်ငြိမ်းခြင်းသည်။ အတ္ထိ၊ ၏။)

ပန၊ နိဝတ္တေတဗ္ဗ...ဉီးအံ့။ ။(တနည်း)။ ။ပန၊ အဘိုတပါး...ပြအံ့။ ဝါ အတ္ထုဒ္ဒါရမှတပါး, အတ္ထုဒ္ဒေသကို ဆိုဉီးအံ့။ ဣဓေကစ္စေမဿိ'ပါဒေ၊ အာသဝါနံခယဉာဏာယ–ဟူသော ဤပါဠိ၌၌။ နိဗ္ဗာန်၊ ကို။ အဓိဂွေတံ၊ အလိုရှိအပ်၏။ အရဟတ္တမဂ္ဂေါဓိ၊ အရဟတ္တမဂ်သည်လည်း။ ဝဋ္ဋတိယေဝ၊ သင့်သည်သာ။ စိတ္တံအဘိနီဟရတိတိ၊ ကား။ ဝိပဿနာစိတ္တံ၊ ကို။ တန္နိန္နံ၊ ထိုအာသဝက္ခယဉာဏ်သို့ ညွတ်သည်ကို။ တပ္ပေါဏံ၊ ထိုအာသဝက္ခယဉာဏ်သို့ကိုင်းသည်ကို။ တပ္ပဗ္ဘာရံ၊ ထိုအာသဝက္ခယဉာဏ်သို့ ရွိုင်းသည်ကို။ ကရောတိ၊ ပြု၏။

သောဣဒံဒုက္ခန္တိအာဒိသု၊ ပါဠိတို့၌။ အဝယဝတ္ထော၊ အစိတ်,အစိတ်ဖြစ်သောအနက်

http://www.dhammadownload.com

ကို။ ဝါ၊ အစိတ်,အစိတ်ဖြစ်သော ပုဒ်တို့၏အနက်ကို။ ဧဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ဧတ္တကံ၊ ဤမျှလောက်အတိုင်အရှည်ရှိသော လောကီစိတ်ဧကာသိတိ, လောဘကြွင်သော စေတသိက်ဧကပညာသ,ရုပ်အဋ္ဌဝိသ-ဟူသော တေဘူမကတရား:အပေါင်း:သည်သာ။ ဒုက္ခံ၊ ဒုက္ခသစ္စာမည်၏။ ။(တနည်း:)။ ။ဒုက္ခံ၊ ဒုက္ခသစ္စာသည်။ ဧတ္တကံ၊ လောကီစိတ်ဧကာသိတိ, လောဘကြွင်သော စေတသိက်ဧကပညာသ, ရုပ်အဋ္ဌဝိ-ဟူသော ဤမျှလောက် တေဘူမက တရား:အပေါင်း:ဟူသော အတိုင်း:အရှည်ရှိသည်သာ။ လ္ဟတော၊ ဤလောကီစိတ်ဧကာသိတိ, လောဘကြွင်သော စေတသိက်ဧကပညာသ,ရုပ်အဋ္ဌဝိသ-ဟူသော ဒုက္ခသစ္စာထက်။ ဘိယျော၊ လွန်သော ဒုက္ခသစ္စာသည်။ နအတ္ထိ၊ မရှိတော့ပြီ။ လ္ဟတိ၊ သို့။ သဗ္ဗမ်ိ၊ အလုံးစုံလည်းဖြစ်သော။ ဒုက္ခံသစ္စံ၊ ကို။ သရသလက္ခဏပဋိဝေဓေန၊ မိမိ၏ သဘော,လက္ခဏာကို ထိုးထွင်း၍သိခြင်း ဖြင့်။ ယထာဘူတံ၊ အကြင်အကြင် မဖောက်မပြန် ဟုတ်မှန်သည်အတိုင်း။ ဝါ မဖောက်မပြန် ဟုတ်မှန်သည်အား:လျော်စွာ။ ဝါ၊ ထင်ရှား:ရှိသော ဒုက္ခသစ္စာ၏ လက္ခဏ, ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အား:လျော်စွာ။ ပဇာနာတိ၊ အပြား:အား:ဖြင့်သိ၏။ လ္ဟတိအယ်၊ ကား:။ အတ္ထော၊ တည်း:။

စ၊ အဘို့တပါး:...ပြအံ့။ ဝါ၊ ဒုက္ခသစ္စာကို သိပုံမှတပါး:,သမုဒယသစ္စာကို သိပုံကို ဆိုဦး:အံ့။ တဿဒုက္ခဿ၊ ထိုဒုက္ခသစ္စာကို။ နိဗ္ဗတ္တနက်၊ ဖြစ်စေတတ်သော။ တဏှံ၊ တဏှာကို။ အယံ၊ ဤတဏှာသည်သာ။ ဒုက္ခသမုဒယော၊ ဒုက္ခ၏ကြောင်း:သောအကြောင်း:နှင့် ပေါင်း:ဆုံမိသည်ရှိသော်ဖြစ်ကြောင်း:,ဖြစ်ရာဖြစ်သော သမုဒယသစ္စာပေတည်း။ ။(တနည်း:)။ ။ဒုက္ခသမုဒယော၊ ဒုက္ခ၏ကြောင်း:သောအကြောင်း:နှင့် ပေါင်း:ဆုံမိသည်ရှိသော် ဖြစ်ကြောင်း:,ဖြစ်ရာဖြစ်သော သမုဒယသစ္စာသည်။ အယံ၊ ဤတဏှာသည်သာ။ လ္ဟတိ၊ သို့။ သရသလက္ခဏပဋိဝေဓေန၊ ဖြင့်။ ယထာဘူတံ၊ တိုင်း။ ဝါ၊ စွာ။ ဝါ၊ ထင်ရှား:ရှိသော သမုဒယသစ္စာ၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်အား:လျော်စွာ။ ပဇာနာတိ၊ ၏။ တဒုဘယမ်ပိ၊ ထိုနှစ်ပါး:စုံသော ဒုက္ခသစ္စာ, သမုဒယသစ္စာသည်လည်း။ ယံဌာနံ၊ အကြင်အကျိုး:၏ တည်ရာဖြစ်သော အကြောင်း:ဟူသော နိဗ္ဗာန်သို့။ ပတ္တာ၊ ရောက်၍။ ဝါ၊ ရောက်ခြင်းကြောင့်။ နိရုဇ္ဈတိ၊ ချုပ်၏။ တေသံသစ္စာနံ၊ ထိုဒုက္ခသစ္စာ,သမုဒယသစ္စာတို့၏။ အပ္ပဝတ္တိ၊ ဖြစ်ခြင်း:၏အကြောင်း: မဟုတ်သော။ ဝါ၊ ဖြစ်ရာအရပ်မဟုတ်သော။ တံနိဗ္ဗာနံ၊ ကို။ အယံ၊ ဤနိဗ္ဗာန်သည်သာ။ ဒုက္ခနိရောဓာ၊ ဒုက္ခ၏ ကွယ်ပျောက်ချုပ်ငြိမ်း:လက်စသိမ်း:ရာဖြစ်သော နိရောဓသစ္စာပေတည်း။ ။ (တနည်း:)။ ။ဒုက္ခနိရောဓော၊ သည်။ အယံ၊ ဤနိဗ္ဗာန်သည်သာ။ လ္ဟတိ၊ သို့။ သရသလက္ခဏပဋိဝေဓေန၊ ဖြင့်။ ယထာဘူတံ၊ တိုင်း။ ဝါ၊ စွာ။ ဝါ၊ ထင်ရှား:ရှိသော နိရောဓသစ္စာ၏, လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်အား:လျော်စွာ။ ပဇာနာတိ၊ ၏။

စ၊ အဘို့တပါး:...ပြအံ့။ ။ဝါ၊ နိရောဓသစ္စာကို သိပုံမှတပါး:,မဂ္ဂသစ္စာကို သိပုံကို ဆိုဦး:အံ့။ တဿဒုက္ခနိရောဓဿ၊ ထိုဒုက္ခသစ္စာ၏ကွယ်ပျောက်ချုပ်ငြိမ်း: လက်စသိမ်း:ရာဖြစ်သော နိရောဓသစ္စာသို့။ သမ္မာပတ်၊ မျက်မှောက်ပြုသည်၏အစွမ်း:အား:ဖြင့် ကောင်းစွာ ရောက်စေတတ်သော။ အရိယမဂ္ဂံ၊ အရိယမဂ်ကို။ အယံ၊ ဤအရိယမဂ်သည်။ ဒုက္ခနိရောဓဂါမိနိ၊ ဒုက္ခ၏ ကွယ်ပျောက်ချုပ်ငြိမ်း: လက်စသိမ်း:ရာဖြစ်သော နိဗ္ဗာန်သို့ အာရုံပြုသော

http://www.dhammadownload.com

အားဖြင့် သွားရောက်စေတတ်သော။ ဝါ၊ ဒုက္ခသစ္စာ၏ ကွယ်ပျောက်ချုပ်ငြိမ်း လက်စသိမ်း ရာဖြစ်သော နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သွားရောက်ကြောင်းဖြစ်သော။ ပဋိပဒါ၊ အကျင့်ပေတည်း။ ဝါ၊ အကျင့်ဟုဆိုအပ်သော မဂ္ဂသစ္စာပေတည်း။ ဝါ၊ သွားရာက်အပ်သော မဂ္ဂသစ္စာပေတည်း။ ဣတိ၊ သို့။ သရသလက္ခဏပဋိဝေဓေန၊ ဖြင့်။ ယထာဘူတံ၊ အကြင် အကြင် မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း။ ဝါ၊ မဖောက်မပြန် ဟုတ်မှန်သည်အားလျော်စွာ။ ဝါ၊ထင်ရှားရှိသော မဂ္ဂသစ္စာ၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်အားလျော်စွာ။ ပဇာနာတိ၊ ၏။ ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။ ဧဝံ၊ သို့။ သဒ္ဓူပတော၊ သရုပ်အားဖြင့်။ သစ္စာနိ၊ တို့ကို၊ ဒဿေတွာ၊ ပြတော်မူပြီး၍။ ပုန၊ ဖန်။ ကိလေသဝသေန၊ အာသဝ-ဟုဆိုအပ်သော ကိလေသာ၏ အစွမ်းအားဖြင့်။ ပရိယာယတော၊ အာသဝပရိယာယ်အားဖြင့်။ ဣမေအာသဝါတိအာဒိနာ၊ ပါဠိဖြင့်။ ဒဿေန္တော၊ ပြတော်မူလိသော။ ဘဂဝါ၊ သည်။ ဣမေအာသဝါတိအာဒိ၊ ပါဠိကို။ အာဟ၊ ပြီ။ * တဿ ဧဝံ ဇာနတော ဧဝံပဿတောတိ၊ ကား။ ဧဝံ၊ ဤသို့လေးပါးသောသစ္စာကို။ ဇာနန္တဿ၊ သိသော။ ဧဝံ၊ ဤသို့ လေးပါးသောသစ္စာကို။ ပဿန္တဿ၊ မြင်သော။ တဿဘိက္ခုနော၊ ၏။ စိတ္တံ၊ စိတ်သည်။ ကာမာသဝါပိ၊ မှလည်း။ ဝိမုစ္စတိ၊ လွတ်၏။ ဣမိနာပါဠိနေန၊ တဿ ဧဝံ ဇာနတော ဧဝံပဿတော-ဟူသော ဤပါဠိဖြင့်။ ဝိပဿနာယ၊ နှင့်။ သဟ၊ တကွ။ ကောဋိပ္ပတ္တံ၊ အထွဋ်အထိပ်သို့ရောက်သော။ မဂ္ဂံ၊ မဂ်ကို။ ကထေတိ၊ ဟောတော်မူ၏။

ကာမာသဝါတိ၊ ကား။ ကာမာသဝတော၊ ကာမာသဝမှ။ ဝိမုစ္စတိ၊ ၏။ ဝိမုစ္စတိတိ ဣမိနာပါဠိနေန၊ ဖြင့်။ မဂ္ဂကာ၊ မဂ်ခဏကို။ ဒဿေတိ၊ ပြတော်မူ၏။ ဝိမုတ္တာသို့နိ့ ဣမိနာပါဠိနေန၊ ဖြင့်။ ဖလကာ၊ ဖိုလ်ခဏကို။ ဒဿေတိ၊ ၏။ ဝိမုတ္တာမိတိဉာကာ ဟောတိတိ ဣမိနာပါဠိနေန၊ ဖြင့်။ ပစ္စဝေက္ခဏဉာကာ၊ ပစ္စဝေက္ခဏာဉာကာ်ကို။ ဒဿေတိ၊ ၏။ ခီဏာ ဇာတိတိအာဒိဟိ၊ ပါဠိတို့ဖြင့်။ တဿပစ္စဝေက္ခဏဉာကဿ၊ ထိုပစ္စဝေက္ခဏာဉာကာ်၏။ ဘူမိ၊ ဖြစ်ရာကို။ ဒဿေတိ၊ ၏။ တံဝစနံ၊ သည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသဒ္ဒေါ၊ ၏။ (တနုည်း)။ ။ဟိယုတ္တံ၊ ၏။ ကသ္မာ၊ ကြောင့်။ ပ။ ဟိယုတ္တံ၊ နည်း။ ဟိယသ္မာ၊ ကြောင့်။ တေနဉာဏေန၊ ထိုပစ္စဝေက္ခဏာဉာကာ်ဖြင့်။ ခီဏာသဝေါ၊ ကုန်ပြီးသောအာသဝေါရှိသော ရဟန္တာပုဂ္ဂိုလ်သည်။ ပစ္စဝေက္ခန္တော၊ ရှုဆင်ခြင်သည်ရှိသော်။ မေ၊ ငါ၏။ ဇာတိ၊ ဇာတိသည်။ ဝါ၊ ပဋိသန္ဓေနေရခြင်းသည်။ ခီဏာ၊ ကုန်ပြီ၊ ဣတိအာဒိနိ၊ ဤသို့ အစရှိသည်တို့ကို။ ပဇာနာတိ၊ ၏။ တသ္မာ၊ ကြောင့်။ တံဝစနံ၊ သည်။ ပ။ ဟိယုတ္တံ၊ ၏။

ပန၊ အာဘော်မကျ...ပိမ့်။ အဿခီဏာသဝဿ၊ ၏။ ကတမာ၊ အဘယ်မည်သော။

---

* မှတ်ချက်။ ။[ဦးကာဟောင်း,ဦးကာသစ် ဝေဠုကဏ္ဍသာရတ္ထ-စသော ဦးကာများ၌။ ။ဇာနတောပဿတောတိဝါဟေတုနိဒ္ဒေသောယံ၊ ဇာနနဟေတုဒဿနဟေတု ကာမာသဝါဝိ စိတ္တံ ဝိမုစ္စတိတိယောဇနာ။ ။ဟု-အဋ္ဌကထာနည်းမှတပါး: တမျိုးတခြား ဖွင့်ကြသေး၏။ ။ဇာနနတော, ပဿနတော-ဟုမဟောမူ၍ ဇာနတော, ပဿတော-ဟု ဟောတော်မူခြင်းကြောင့် စဉ်းစားရန်ရှိ၏။ သို့မဟုတ် နှ, တခုကျေ၏ဟူ၍ ကြံရမည်။]

http://www.dhammadownload.com

ဇာတိ၊ ဇာတိသည်။ ဝါ၊ ပဋိသန္ဓေနေရခြင်းသည်။ ခီဏာ၊ ကုန်သနည်း။ ကထံစ၊ အဘယ် သို့လည်း။ ဝါ၊ အဘယ်ပုံလည်း။ ဝါ၊ အဘယ်သို့သောအပြားအားဖြင့်လည်း။ နံဇာတိ၊ ကို။ ဝါ၊ ထိုပဋိသန္ဓေနေရခြင်းကို။ ပဇာနာတိ၊ အပြားအားဖြင့် သိသနည်း။ ဣတိအယံ၊ ကား။ ပုစ္ဆာ၊ တည်း။ ။အနာဂတပစ္စုပ္ပန္နဇာတိဝစနကာလတော၊ အနာဂတ်ဇာတိ,ပစ္စုပ္ပာန် ဇာတိကိုဆိုရာကာလမှ။ တာဝ၊ ရှေးဦးစွာ။ အတီတာ၊ အတိတ်ဖြစ်သော။ ဇာတိ၊ ဇာတိကို။ မယာ၊ သည်။ ဝုစ္စတေ၊ ၏။ အဿခီဏာသဝဿ၏။ အတီတာ၊ အတိတ်ဖြစ်သော။ ဇာတိ၊ သည်။ နု ခီဏာ၊ ကုန်သည်မဟုတ်။ ကသ္မာ၊ ကြောင့်။ အတီတာ၊ သော။ ဇာတိ၊ သည်။ နု ခီဏာ၊ ကုန်သည်မဟုတ်သနည်း။ အတီတာယ၊ အတိတ်ဖြစ်သော၊ ဇာတိယာ၊ ဇာတိ၏။ ပုဗ္ဗေဝ၊ မဂ္ဂဘာဝနာ၏ရှေးဦးသာလျှင်။ ဝါ၊ မဂ္ဂဘာဝနာမှ ရှေးဦးသာလျှင်။ ခီဏာတ္တာ၊ မိမိသဘောအားဖြင့် ကုန်ပြီးသည်၏အဖြစ်ကြောင့်။ အတီတာ၊ သော။ ဇာတိ၊ သည်။ နခီဏာ၊ ကုန်သည်မဟုတ်။ အနာဂတာ၊ အနာဂတ်သာမညဖြစ်သော။ ဇာတိ၊ သည်။ နခီဏာ၊ ကုန်သည်မဟုတ်။ ကသ္မာ၊ ကြောင့်။ အနာဂတာ၊ သော။ ဇာတိ၊ သည်။ နခီဏာ၊ နည်း။ အနာဂတော၊ အနာဂတ်၌။ ဝါယာမာဘာဝတော၊ မဂ္ဂဘာဝနာဖြင့် ကုန် စေခြင်းလုံ့လ၏ မရှိခြင်းကြောင့်။ အနာဂတာ၊ သော။ ဇာတိ၊ သည်။ နခီဏာ၊ ကုန်သည်မဟုတ်။ ပစ္စုပ္ပန္နာ ပစ္စုပ္ပန်ဖြစ်သော။ ဇာတိ၊ သည်။ နခီဏာ၊ ကုန်သည်မဟုတ်သနည်း။ ပစ္စုပ္ပန္နာယ၊ သော။ ဇာတိယာ၊ ၏။ ဝိဇ္ဇမာနတ္တာ၊ ထင်ရှားရှိဆဲ၏အဖြစ်ကြောင့်။ ပစ္စုပ္ပန္နာ၊ သော။ ဇာတိ၊ သည်။ နခီဏာ၊ ကုန်သည်မဟုတ်။ ပန၊ အဟုတ်ကား။ မဂ္ဂဿ၊ မဂ်၏။ ဝါ၊ ကို။ အဘာဝိတတ္တာ၊ မဖြစ်စေအပ်သည်၏အဖြစ်ကြောင့်။ ဝါ၊ မပွားစေအပ်သည်၏ အဖြစ်ကြောင့်။ ကေစတုပဥ္စဝေါကာရ ဘဝေသု၊ ကေဝေါကာရဘာဝ, စတုဝေါကာရဘာဝ, ပဉ္စ ဝေါကာရ ဘဝတို့၌။ ကေစတုပဥ္စကွန္ဓပွဘေဒါ၊ တပါးသော ခန္ဓာ, လေးပါးသောခန္ဓာ, ငါးပါးသော ခန္ဓာဟူသောအပြားရှိသော။ ယာဇာတိ၊ အကြောင်းအနာဂတ်ဝိသေသဖြစ်သောဇာတိသည်။ ဥပပဇ္ဇေယျ၊ ဖြစ်ရာ၏။ သာဇာတိ၊ ထိုအနာဂတ်ဝိသေသဖြစ်သော ဇာတိသည်။ မဂ္ဂဿ၊ ၏။ ဝါ၊ ကို။ ဘာဝိတတ္တာ၊ ဖြစ်စေအပ်ပြီးသည်၏အဖြစ်ကြောင့်။ ဝါ၊ ပွားစေအပ်ပြီးသည်၏ အဖြစ်ကြောင့်။ အာယတိ၊ နောင်အခါ၌။ အနုပ္ပါဒမ္မတံ၊ တဖန်မဖြစ်ခြင်းသဘော ရှိသည် ၏အဖြစ်သို့။ အာပဇ္ဇနေန၊ ရောက်ခြင်းဖြင့်။ ခီဏာ၊ ကုန်ပြီ။ တံဇာတိ၊ ထိုကုန်ပြီးသော ဇာတိကို။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသော။ သောဘိက္ခု၊ သည်။ မဂ္ဂဘာဝနာ ယ၊ မဂ္ဂဘာဝနာဖြင့်။ ပဟီန ကိလေသေ၊ ပယ်အပ်ပြီးသော ကိလေသာတို့ကို။ ပစ္စဝေက္ခိတွာ၊ ရှုဆင်ခြင်၍။ ကိလေသာ ဘာဝေ၊ ကိလေသာ၏ မရှိခြင်းကြောင့်။ ကမ္မံ၊ ကံသည်။ ဝိဇ္ဇမာနမ္မိ၊ ရှိပင်ရှိပါသော်လည်း။ အာယတိ၊ ၌။ အပ္ပဋိသန္ဓိကံဝ၊ ပဋိသန္ဓေမရှိသည်သာလျှင်။ ဝါ၊ ပဋိသန္ဓေကို မပေးတတ် သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဇာနန္တော၊ သိသည်။ ဟုတ္ဝာ၊ ၍။ ။(တနည်း)။ ဇာနန္တော၊ သိသည်၏အဖြစ်ကြောင့်။ ပဇာနာတိ၊ ၏။ ဣတိအယံ၊ ကား။ ဝိဿဇ္ဇနာ၊ အကျယ်ဖြစ်သော အဖြေတည်း။

ဝုသိတန္တိ၊ ကား။ ဝုတ္ထံ၊ ကျင့်သုံးအပ်ပြီ။ ပရိဝုတ္ထံ၊ ထက်ဝန်းကျင်မှကျင့်သုံးအပ်ပြီ။

http://www.dhammadownload.com

ဝါ၊ ပိုင်းခြား၍ ကျင့်သုံးအပ်ပြီ။ ဗြဟ္မစရိယန္တိ၊ ကား။ မဂ္ဂဗြဟ္မစရိယံ၊ ကို။ ဝါ၊ မြတ်သော အကျင့်ဖြစ်၍ဖြစ်သော မဂ်ကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ တံဝစနံ၊ သည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ ၏။ (တနည်း)။ ။ဟိယုတ္တံ၊ ၏။ ကသွာ၊ ကြောင့်။ ပ။ဟိယုတ္တံ၊ နည်း။ ယသွာ၊ ကြောင့်။ ပုထုဇ္ဇနကလျာဏကေန၊ ကောင်းသော ပုထုဇ္ဇန်နှင့်။ ဝါ၊ ပုထုဇ္ဇန်ကလျာဏ နှင့်။ သဒ္ဒိ၊ တကွ။ သတ္တာ၊ ခုနစ်ယောက်ကုန်သော။ သေက္ခာ၊ သေက္ခပုဂ္ဂိုလ်တို့သည်။ ဗြဟ္မ စရိယဝါသံ၊ မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးခြင်းကို။ ဝါ၊ ကျင့်သုံးအပ်သော မြတ်သောအကျင့် ကို။ ဝသန္တိနာမ၊ ကျင့်သုံးဆဲမည်ကုန်၏။ ခီဏာသဝေါ၊ ကုန်ပြီးသောအာသဝေါရှိသော ရဟန္တာပုဂ္ဂိုလ်သည်။ ဝုတ္ထဝါသောနာမ၊ ကျင့်သုံးအပ်ပြီးသော ဝါသ–ရှိသည်မည်သည်။ ဝါ၊ မဂ္ဂဗြဟ္မစရိယဝါသကို ကျင့်သုံးပြီးမည်သည်။ ဟောတိ၊ ၏။ တသွာ၊ ကြောင့်။ တံဝစနံ၊ သည်။ ဟိသစ္စံ၊ ၏။ ။(တနည်း)။ ။ဟိယုတ္တံ၊ ၏။ တသွာ၊ ထိုသို့ ကျင့်သုံးအပ်ပြီးသော မဂ္ဂဗြဟ္မစရိယဝါသရှိသည်၏အဖြစ်ကြောင့်။ သောခီဏာသဝေါ၊ သည်။ အတ္တနော၊ ၏။ ဗြဟ္မစရိယဝါသံ၊ ကို။ ဝါ၊ မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးခြင်းကို။ ဝါ၊ ကျင့်သုံးအပ်သော မြတ် သောအကျင့်ကို။ ပစ္စဝေက္ခန္တော၊ ဆင်ခြင်သည်ရှိသော်။ မယာ၊ သည်။ ဗြဟ္မစရိယံ၊ မဂ္ဂဗြဟ္မစရိယကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ဣတိ၊ သို့။ ဥပဇ်နာတိ၊ ၏။

ကတံကရဏီယန္တိ၊ ကား။ စတူသု၊ ကုန်သော။ သစ္စေသု၊တို့၌။ စတူဟိ၊ ကုန်သော။ မဂ္ဂေဟိ၊ မဂ်တို့ဖြင့်။ ပရိညာပဟာနသစ္ဆိကိရိယာဘာဝနာဝသေန၊ ပိုင်းခြား၍ သိခြင်း, ပယ်ခြင်း,မျက်မှောက်ပြုခြင်း,ပွားစေခြင်းတို့၏ အစွမ်းအားဖြင့်။ ဝါ၊ ပိုင်းခြား၍သိခြင်း, ပယ်ခြင်း,မျက်မှောက်ပြုခြင်း,ပွားစေခြင်းတို့၏ အပြားအားဖြင့်။ သောဠသဝိဓံ၊ တဆယ့် ခြောက်ပါးအပြားရှိသော။ ကိစ္စံ၊ ကိစ္စကို။ နိဋ္ဌာပိတံ၊ ပြီးဆုံးစေအပ်ပြီ။ တေနဇတနမဏ္ဍန၊ ထိုထိုမင်္ဂဖြင့်။ ပဟာတဗ္ဗကိလေသာ၊ ပယ်အပ်,ပယ်သင့်,ပယ်ထိုက်သော ကိလေသာတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်ပြီ။ ဒုက္ခမူလံ၊ ဒုက္ခ၏အကြောင်းရင်းဖြစ်သော သမုဒယသစ္စာကို။ သမုစ္ဆိန္နံ၊ အကြွင်းမဲ့ဖြတ်အပ်ပြီ။ ဣတိအယံ၊ သည်ကား။ အတ္ထော၊ တည်း။ တံဝစနံ၊ သည်၊ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ ၏။ ။(တနည်း)။ ။ဟိယုတ္တံ၊ ၏။ ကသွာ၊ ကြောင့်။တံဝစနံ သည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ နည်း။ ။(တနည်း)။ ။ဟိယုတ္တံ၊ နည်း။ယသွာ၊ ကြောင့်၊ ပုထုဇ္ဇနကလျာဏကာဒယော၊ ကောင်းသော ပုထုဇ္ဇန်အစရှိသော ပုဂ္ဂိုလ်တို့သည်။ ဝါ၊ ပုထုဇ္ဇန်ကလျာဏအစရှိသော ပုဂ္ဂိုလ်တို့သည်။ တံကိစ္စံ၊ ထိုတဆယ့်ခြောက်ပါးသော မဂ်ကိစ္စ ကို။ ကရောန္တိ၊ ပြုကြကုန်ဆဲ။ ခီဏာသဝေါ၊ သည်။ ကတကရဏီယော၊ ပြုအပ်ပြီးသော တဆယ့်ခြောက်ပါးသော မဂ်ကိစ္စရှိသည်။ ဟောတိ၊ ၏။ တသွာ၊ ကြောင့်။ တံဝစနံ၊ သည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ ၏။ ။(တနည်း)။ ။ဟိယုတ္တံ၊ ၏။ တသွာ၊ ထိုသို့ ပုထုဇ္ဇန် ကလျာဏအစရှိသော ပုဂ္ဂိုလ်တို့၏ တဆယ့်ခြောက်ပါးသော မဂ်ကိစ္စကို ပြုကုန်ဆဲ၏အဖြစ်, ရဟန္တာပုဂ္ဂိုလ်၏ပြုအပ်ပြီးသော တဆယ့်ခြောက်ပါးသော မဂ်ကိစ္စရှိသည်၏အဖြစ်ကြောင့်။ သောခီဏာသဝေါ၊ သည်။ အတ္တနော၊ မိမိ၏။ ဝါ၊ သည်။ ကရဏီယံ၊ ပြုအပ်,ပြုဘင့်, ပြုထိုက်သော တဆယ့်ခြောက်ပါးသော မဂ်ကိစ္စကို။ ပစ္စဝေက္ခန္တော၊ ဆင်ခြင်သည်ရှိသော်။

http://www.dhammadownload.com

မယာ၊ သည်။ ကရဏီယဲ၊ ပြုအပ်, ပြုသင့်,ပြုထိုက်သော တဆယ့်ခြောက်ပါးသောမင်္ဂလာကို။ ကတဲ၊ ပြုအပ်ပြီ။ လ္ကတိ၊ သို့။ ပဇာနာတိ၊ ၏။

နာပရံ လ္ကတ္ထတ္တာယာတိ၊ ကား။ လ္ကဒါနိ၊ ဤအခါ၌။ ဝါ၊ ယခုအခါ၌။ ပုန၊ ဖန်။ လ္ကတ္ထဘာဝါယ၊ ဤတဆယ့်ခြောက်ပါးသော မင်္ဂလာစ်အပြား၏ဖြစ်ကြောင်း,ဖြစ်ရာဖြစ်သော မင်္ဂလာကျိုးငှါ။ ဧဝံ သောဠသကိစ္စဘာဝါယ၊ ဤတဆယ့်ခြောက်ပါးသော မင်္ဂလာစ်အပြား၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော မင်္ဂလာကျိုးငှါ။ မေ၊ အား။ ဝါ၊ သည်။ ကတ္တုဗ္ဗံ၊ ပြုအပ်, ပြုသင့်, ပြုထိုက်သော။ မဂ္ဂဘာဝနာကိစ္စံ၊ မဂ်ကို ပွားစေဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိတော့ပြီ။ လ္ကတိ၊ သို့။ ပဇာနာတိ၊ ၏။ ဝါ၊ တနည်းကား။ လ္ကတ္ထဘာဝါယ၊ ဤကိလေသာကို ကုန်စေခြင်းဟူသော ပဟာန်ကိစ္စအပြား၏ဖြစ်ကြောင်း, ဖြစ်ရာဖြစ်သော မင်္ဂလာကျိုးငှါ။ ဧဝံ ကိလေသက္ခယဘာဝါယ၊ ဤကိလေသာကို ကုန်စေခြင်းဟူသော ပဟာန်ကိစ္စအပြား၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော မင်္ဂလာကျိုးငှာ။ မေ၊ အား။ ဝါ၊ သည်။ ကတ္တုဗ္ဗံ၊ သော။ မဂ္ဂဘာဝနာကိစ္စံ၊ သည်။ နတ္ထိ၊ ပြီ။ လ္ကတိ၊ သို့။ ပဇာနာတိ၊ ၏။ * အထဝါ၊ ရှေးဆိုစကား၊ မှန်လေခြားလည်း၊ တပါးဖွင့်ဟန်၊ နည်းတတန်ကို။ ဖော်လှန်ထုတ်ကာ၊ ပြဆိုပါအံ့။ လ္ကတ္ထတ္တာ ယာတိ၊ ကား။ လ္ကတ္ထဘာဝတော၊ ဤသို့အပြားရှိသောဖြစ်ဆဲဖြစ်သော ခန္ဓာအစဉ်မှ။

---

* မှတ်ချက်။ ။[ဤအရာ၌။ ။အထဝါလ္ကတ္ထတ္တာယာတိလ္ကတ္ထဘာဝတော လ္ကမသ္မာ ဧဝံ ပကာရာ လ္ကဒါနိ ဝတ္တမာနက္ခန္ဓသန္တာနာ အပရံ ခန္ဓသန္တာနံ မယ္ပုနတ္ထိ။ ။ဟူသောပါဠိသည် ဤအဋ္ဌကထာ, ဝေရဉ္ဇကဏ္ဍသာရတ္ထဒီပကာ, မူလပဏ္ဏာသဘာယဘောရဝသုတ် ဝတ္ထသုတ် သဂါထာ ဝဂ္ဂဗြဟ္မသံယုတ် ဗြဟ္မဒေဝသုတ်အဋ္ဌကထာ-စသည်များ၌ တညီတညွတ်ရှိကြ၏။ လ္ကတ္ထတ္တာယာတိ လ္ကမေပကာရာလ္ကတ္ထံ၊ တဗ္ဘာဝေါ လ္ကတ္ထတ္တံ၊ တဒတ္ထိဒုတ္တံဟောတိ။ ဧကပနပကာရာ၊ အရိယမဂ္ဂဗျာပါရ ဘူတာပရိညာဒယော လ္ကဓမ္မပြေတာတိ အာဟ ဧဝံသောဠသကိစ္စဘာဝါယာတိ။ တေဟိမဂ္ဂံ ပစ္စဝေက္ခတော မဂ္ဂါနုဘာဝေန ပါကဋာ ဟုတ္ဝာ ဥပဋ္ဌဟန္တီ။ ပရိညာဒိသုစ ပဟာနမေဝ ပဓာန် တဒတ္ထတ္တာ လ္ကတရေသ္ဝိ အာဟ ကိလေသက္ခယဘာဝါယဝါတိ။ ဟိနကိလေသပစ္စဝေက္ခဏဝသေန ဝါဧဝံတုတ္တံ။ ။သိလက္ခန် ဦကာဟောင်း, မူလပဏ္ဏာသ ဘယဘောရဝသုတ်ဦကာ, ဝေရဉ္ဇကဏ္ဍသာရတ္ထ ဦကာစသည်။ ။လ္ကမေပကာရာလ္ကတ္ထံ၊ တဗ္ဘာဝေါလ္ကတ္ထတ္တန်ဿ ဒဿေတိ လ္ကတ္ထဘာဝါယာတိလ္ကမိနာ။ အာယသဒ္ဒေါစသမ္ဘဒါနတ္ထေ၊ တဒတ္ထာယာတိအတ္ထော။ တေဟိပနပကာရာ အရိယမဂ္ဂဗျာပါရဘူတာ ပရိညာဒယောလ္ကဓမ္မပြေတာတိဒုတ္တံ ဧဝံ သောဠသကိစ္စဘာဝါယာတိ။ တေဟိ မဂ္ဂံ ပစ္စဝေက္ခတော မဂ္ဂါနုဘာဝေနပါကဋာဟုတ္ဝာဥပဋ္ဌဟန္တီ။ မဂ္ဂေပစ္စဝေက္ခိတေ တံကိစ္စပစ္စဝေက္ခဏာယပိ သုဒေဒ သိဒ္ဓိကော။ ဧဝံသာဓာရဏတော စတူသုမဂ္ဂေသု ပစ္စေကံ စတုကိစ္စဝသေနသောဠသကိစ္စဘာဝံ ပကာသေတွာ တေသုပိကိစ္စေသု ပဟာနမေဝ ပဓာန်တဒတ္ထတ္တာ လ္ကတရေသ် ပရိညာဒိနန်္တီ တဒေဝ ဝိသေသတော ပကာသေတုံ ကိလေသက္ခယဘာဝါယဝါတိအာဟ။ အပိစ ပုရိမနယေန ပစ္စဝေက္ခဏာပရမ္ပရာယ ပစ္စဝေက္ခဏာဝိမိ ဒဿေတွာ လ္ကဒါနိ ပဟိနကိလေသပစ္စဝေက္ခဏာဝိမိ မေဝ ဒဿေတုံ ဧဝံဝုတ္တန်္ဂိဝဋ္ဌံ။ ။သိလက္ခန်ဦကာသစ်။ အနည်းငယ်ပါဠိထူးသောကြောင့် တခြားရေးလိုက်၏။ ဤဦကာကို အနက်ပြန်လိုက်အံ့။ ကြွင်းသော ဦကာများကို နည်းမှီး၍သိ။

လ္ကမေပကာရာ၊ ဤအပြားတို့တည်း။ လ္ကတ္ထံ၊ ဤအပြားတို့။ တဗ္ဘာဝေါ၊ ထိုသို့သဘော ရှိသော ဤအပြားတို့၏ အဖြစ်သည်။ လ္ကတ္ထတ္တံ၊ လ္ကတ္ထတ္တ-မည်၏။ လ္ကတိလ္ကမိအတ္ထံ၊ ကို။ လ္ကတ္ထဘာဝါယာတိလ္ကမိနာ၊ ဤပါဠိဖြင့်။ ဒဿေတိ၊ ပြတော်မူ၏။ စ၊ ဆက်ဦးအံ့။ အာယသဒ္ဒေါ၊

http://www.dhammadownload.com

ဧဝံပကာရာ၊ ဤသို့ အပြားရှိသော။ လ္ဟုမသ္မာလ္ဟုဒါနိ ဝတ္တမာန ခန္ဓသန္တာနာ၊ ယခုဖြစ်ဆဲဖြစ်သော ဤခန္ဓာ အစဉ်မှ။ အပရံ၊ တပါးသော။ ခန္ဓသန္တာနံ၊ အနာဂတ်ဖြစ်သော ခန္ဓာအစဉ်သည်။ မယံ၊ အား။ နတ္ထိ၊ ပြီ။ ။(တနည်း)။ ။လ္ဟုတ္တဲ့ အတ္တဘာဝတော၊ ဤသို့အပြားရှိသော ပစ္စုပ္ပန် ဖြစ်သော အတ္တဘောမှ။ ဧဝံပကာရာ၊ ဤသို့အပြားရှိသော။ လ္ဟုမသ္မာ လ္ဟုဒါနိဝတ္တမာန

စတုတ္ထိသဝိဘတ်၏ ကာရိယ အာယ-သဒ္ဒါသည်။ သမ္မဒါနတ္ထော၊ သမ္မဒါန်အနက်၌။ ဝတ္တတိ၊ ဖြစ်၏။ တဒတ္ထာယ၊ ထိုသို့သဘောရှိသော ဤအပြားတို့၏ အဖြစ်ဟူသောအကျိုးငှါ။ နအတ္ထိ၊ မရှိတော့ပြီ။ (ပါဠိတော်မှာစပ်)။ ။လ္ဟုတိအယံ၊ သည်ကား။ အတ္ထော၊ တည်း။ ပန၊ ဆက်ဦးဆုံ။ အရိယမဂ္ဂ ဗျာပါရဘူတာ၊ အရိယမဂ်၏ဗျာပါရဖြစ်၍ဖြစ်ကုန်သော။ ပရိညာဒယော၊ ပရိညာဉ်ကိစ္စအစရှိသည်တို့ကို။ ဝါ၊ ပရိညာဉ်ကိစ္စ, ပဟာန်ကိစ္စ, သစ္ဆိကိရိယာကိစ္စ, ဘာဝနာကိစ္စတို့ကို။ လ္ဟုလ္ဟုမသို့ ပါဌေ၊ နာပရံလ္ဟုတ္ထတ္ထာယ-ဟူသောဤပါဌ်၌။ တေပကာရာ၊ ထိုအပြားတို့ဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ လ္ဟုတိတသ္မာ၊ ကြောင့်။ ဧဝံသောဇသကိစ္စဘာဝါယာတိ၊ ဟူ၍။ သင်္ဂဟကာရေန၊ သည်။ ဝုတ္တံ၊ အပ်ပြီ။ ။ပရိညာဉ်ကိစ္စ,ပဟာန်ကိစ္စ,သစ္ဆိကိရိယာကိစ္စ, ဘာဝနာကိစ္စ ဤလေးပါးသော ကိစ္စများသည် မဂ်လေးပါးလုံး၌ရှိကြသောကြောင့် သောဇသကိစ္စဖြစ်၏-ဟုယူ။ ။ဟိ၊ အစဉ်အလာ၊ အဓိပ္ပာယ်သာအောင်၊ ထင်စွာပြဦးမည်။ မဂ္ဂေ၊ မဂ်ကို။ ပစ္စဝေက္ခိတေ၊ ဆင်ခြင်အပ်သည်ရှိသော်။ တံကိစ္စပစ္စဝေက္ခဏာယပိ၊ ထိုသောဇသကိစ္စကို ဆင်ခြင်ခြင်း၏လည်း။ သုခေန၊ အလွယ်တကူ။ သိဒ္ဓိတော၊ ပြီးခြင်းကြောင့်။ တေပကာရာ၊ ထိုသောဇသကိစ္စအပြားတို့သည်။ မဂ္ဂံ၊ မဂ်ကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ ပုဂ္ဂလဿ၊ အား။ မဂ္ဂါနုဘာဝေန၊ မဂ်၏ အနုဘော်ဖြင့်။ ပါကဋာ၊ ထင်ရှားကုန်သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ ဥပဋ္ဌဟန္တိ၊ ထင်လာကုန်၏။ ဧဝံ၊ ဤသို့။ ဝါ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ သာဓာရဏာတော၊ ဆက်ဆံသောအားဖြင့်။ စတူသု၊ လေးပါးကုန်သော။ မဂ္ဂေသု၊ မဂ်တို့၌။ ပစ္စေက၊ အသီးအသီး တမဂ်စီ,တမဂ်စီ။ စတုကိစ္စဝသေန၊ လေးပါးသောကိစ္စ၏ အစွမ်းအားဖြင့်။ သောဇသကိစ္စဘာဝံ၊ဘာဆယ်ခြောက်ပါးသော ကိစ္စရှိသည်၏အဖြစ်ကို။ ပကာသေတွာ၊ ထင်စွာပြတော်မူပြီး၍။ လ္ဟုတရေသံ၊ ဤပဟာန်ကိစ္စမှတပါးကုန်သော။ ပရိညာဒီနံ၊ ပရိညာဉ်အစရှိသောကိစ္စတို့၏။ ဝါ၊ ပရိညာဉ်ကိစ္စ,သစ္ဆိကိရိယာကိစ္စ, ဘာဝနာကိစ္စတို့၏။ တဒတ္ထတ္ထာ၊ ထိုဗဟုရြင်းဟူသော ပဟာန်ကိစ္စအကျိုးရှိကုန်သည်၏အဖြစ်ကြောင့်။ တေသုပိကိစ္စေသု၊ ထိုတဆယ့်ခြောက်ပါးသော ကိစ္စတို့တွင်လည်း။ ပဟာနမေဝ၊ ပယ်ခြင်းကိစ္စသည်သာ။ ပဓာန်၊ ပြဓာန်း၏။ လ္ဟုတိတသ္မာ၊ ထိုသို့ပဟာနကိစ္စ၏ပဓာန၏အဖြစ်ကြောင့်။ တဒေဝ ပဟာန်၊ ကိုသာလျှင်။ ဝိသေသတော၊ အထူးအားဖြင့်။ ပကာသေတုံ၊ ထင်စွာပြခြင်းငှါ။ ကိလေသက္ခယဘာဝါယဝါတိ၊ ဟူ၍။ သင်္ဂဟကာရော၊ သည်။ အာဟ၊ မိန့်ဆိုပြီ။ အဝိစ-အပရော၊ ဆိုအပ်ပြီးသောနည်းမှတစပါးသော။ နယော၊ နည်းကို။ မယာ၊ သည်။ ဝုစ္စတေ၊ ဆိုအပ်၏။ ပုရိမနယေန၊ ရှေးဖြစ်သော သောဇသကိစ္စဘာဝါယ-ဟူသောနည်းဖြင့်။ ပစ္စဝေက္ခဏာပရမ္မုခာယ၊ ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာဉာဏ် အဆင့်ဆင့်ဖြင့်။ ပစ္စဝေက္ခဏာဝိဓိ၊ တနေ့ယုတ်နှစ်ဆယ်သော ပစ္စဝေက္ခဏာဉာဏ် အစီအရင်ကို။ ဒဿေတွာ၊ ပြပြီး၍။ လ္ဟုဒါနိ၊ ဤအခါ၌။ ဝါ၊ ယခုအခါ၌။ ပဟီနကိလေသ ပစ္စဝေက္ခဏာဝိဓိနော၊ ပယ်အပ်ပြီးသော ကိလေသာကို ဆင်ခြင်ခြင်းအစီအရင်၏။ ပဓာနတ္တာ၊ ပြဓာန်းသည်၏အဖြစ်ကြောင့်။ ပဟီနကိလေသ ပစ္စဝေက္ခဏာဝိဓိမေဝ၊ ကိုသာလျှင်။ ဒဿတုံငှါ။ ဧဝံ၊ ဤသို့ ကိလေသက္ခယဘာဝါယဝါ-ဟူ၍။ သင်္ဂဟကာရေန၊ သည်။ ဝုတ္တံ၊ အပ်ပြီ။ လ္ဟုတိဝိ၊ သို့လည်း။ ဒဋ္ဌဗ္ဗံ၊ ရှုမှတ်အပ်၏။ ။ အဓိပ္ပါယ်အကျဉ်းကား။ ။ဧဝံသောဇသကိစ္စဘာဝါယ-ဟူသော ပထမနည်းဖြင့် ကိစ္စတဆယ့် ခြောက်ချက်လုံး ဆက်ဆံသောနည်းဖြင့်

http://www.dhammadownload.com

ခန္ဓသန္တာနာ၊ ယခုဖြစ်ဆဲဖြစ်သော ဤခန္ဓာအစဉ်မှ။ အပရံ၊ သော။ ခန္ဓသန္တာန်၊ ခန္ဓာအစဉ်သည်။ နတ္ထိ၊ ပြု၊ ဝါ၊ မဟုတ်။ ပန်၊ အဟုတ်ကား။ ဆိန္နမူလကာ၊ ဖြတ်အပ်ပြီးသော အမြစ်ရှိကုန်သော။ ဝါ၊ ပြတ်ပြီးသောအမြစ်ရှိကုန်သော။ ရုက္ခာ၊ သစ်ပင်တို့သည်။ အနောကာသာ၊ တည်ရာမရှိကုန်ဘဲ။ တိဋ္ဌန္တိ ဝိယ၊ တည်ကုန်သကဲ့သို့။ တထာ၊ တူ။ ပဋ္ဌ၊ ကုန်သော။ ဣမေခန္ဓာ၊ နောက်ဆုံးအတ္တဘောဟုဆိုအပ်သော ဤခန္ဓာတို့သည်။ ဝါ၊ တို့ကို။ ပရိညာတာ၊

လေးပါးသောမဂ်တို့တွင် တပါး၊ပါး၊လျှင် အသီး၊အသီး ပရိညာဉ်ကိစ္စ၊ပဟာန်ကိစ္စ၊ သစ္ဆိကိရိယာကိစ္စ၊ဘာဝနာကိစ္စဟု လေးကိစ္စစီ၏ အစွမ်းအားဖြင့် တဆယ့်ခြောက်ချက်သော မဂ်ကိစ္စရှိသည်၏ အဖြစ်ကို ထင်စွာပြ၏။ သို့ထင်စွာပြပြီး၍ ပရိညာဉ် ကိစ္စ၊သစ္ဆိကိရိယာကိစ္စ၊ဘာဝနာကိစ္စတို့၏ ပဟာန်ကိစ္စဟူသော အကျိုးရှိကုန်သည်၏အဖြစ်ကြောင့် ထိုတဆယ့်ခြောက်ချက်သော ကိစ္စတို့တွင်လည်း ပဟာန်ကိစ္စသာ ပဓာနဖြစ်ပေ၏။ သို့ပဓာနဖြစ် သောကြောင့် ထိုပဟာန်ကိစ္စကိုသာ အထူးပြခြင်းငှါ။ ။ကိလေသကမ္မယဘာဝါယဝါ။ ။ဟုမိန့်ဆို ရပြန်၏-ဟူလို။ ။(တနည်း)။ ။သောဉ်သကိစ္စဘာဝါယ-ဟူသော ရှေ့နည်းဖြင့် သောတာပတ္တိမဂ်၌ ပယ်အပ်ပြီးသော ကိလေသာကို ဆင်ခြင်ခြင်း၊တဝိထိ၊ကြောင်းကျန်သော ကံလေသာကို ဆင်ခြင်ခြင်း၊တဝိထိ၊သောတာပတ္တိမဂ်ကို ဆင်ခြင်ခြင်း၊တဝိထိ၊ သောတာပတ္တိဖိုလ်ကို ဆင်ခြင်ခြင်း၊တဝိထိ၊ နိဗ္ဗာန်ကိုဆင်ခြင်ခြင်း၊တဝိထိ၊ ဤသို့ငါးဝိထိရ၏။ ထိုအတူ သကဒါဂါမိမဂ်၌ ငါးဝိထိ၊ အနာဂါမိမဂ်၌ဝါးဝိထိ၊ အရဟတ္တမဂ်၌ကား ကြောင်းကျန်သော ကိလေသာ(အဝသိဋ္ဌကိလေသာ)မရှိ သောကြောင့် လေးဝိထိသာရ၏။ ဤတဆယ့်ကိုးဝိထိ အဆက်ဆက်ဖြင့် ဆင်ခြင်ပုံအစီအရင်ကို ပြရ၏။ သို့ပြုပြီး၍ ယခုအခါမှာကား ပဓာနဖြစ်သောကြောင့် ပဟိနကိလေသပစ္စဝေက္ခဏာ အစီအရင်ကိုသာ ပြရခြင်းငှါ။ ။ကိလေသကမ္မယဘာဝါယဝါ။ ။ဟုမိန့်ဆိုရပြန်၏။-ဟူလို။ ။ဤပထမဝိကပ်ကား သိသာထင်ရှားလှ၏။ သိသာထင်ရှားသောကြောင့် အဋ္ဌကထာပါဠိများကို မထုတ်ပြလိုက်။

ဒုတိယဝိကပ္ပေ လ္ဟထ္ထတ္တာယာတိနိဿက္ကေသမ္မဒါနဝစနန္တိအာဟ လ္ဟထ္ထဘာဝတောတိ။ ဋီကာဟောင်း၊မူလပဏ္ဏာသဘယဘေရဝသုတ်ဋီကာ။ ။နာဟရံလ္ဟထ္ထတ္တာယာတိအဒ္ဓဿသိန္တိဇထ္ထာယမပရောနယော၊လ္ဟထ္ထတ္တာယာတိနိဿက္ကေသမ္မဒါနဝစနံ ဟေနာယမတ္ထော၊ လ္ဟထ္ထတ္တာယ လ္ဟထ္ထဘာဝတော လ္ဟမသ္မာဇဝံ ပကာရာလ္ဟဒါနိဝတ္တမာနကွန္ဓသန္တာနာ အပရံအနာဂတကွန္ဓသန္တာနံမယ့်နတ္ထိ။ ဝေရွာကဏ္ဏသာရတ္ထဋီကာ။ ။ဒုတိယဝိကပ္ပေ အယံ ပကာရော၊ လ္ဟထ္ထံ၊ တဿဝေါလ္ဟထ္ထတ္ထံ။ အာယသဒ္ဒေါ ဇေတ္ထ သမ္မဒါန ဝစနဿ ကာရိယဘူတော နိဿက္ကတ္ထောတိ ဒဿေတိ လ္ဟထ္ထ ဘာဝဟောတိ လ္ဟမသ္မာ ဇဝံ ပကာရာတိပနဝဒန္တော ပကာရောနာမ ပကာရဝန္တံ ဇောအတ္ထတော ဘေဒေါ နတ္ထိ။ ယဒိဟိသောဘေဒေါအဿ၊ တဿေဝ သော ပကာရော နသိယာ။ တသ္မာလ္ဟထ္ထံသဒ္ဒေါ ပကာရဝန္တံဝါစကော၊ အတ္ထတောပန အဘေဒေပိ သတဲ အဝယဝါဝယဝိတာဒိနာဘေဒပရိကပ္ပန ဝသေန သိယာကိဠိဘေဒမတ္တံ။ တသ္မာလ္ဟထ္ထတ္တသဒ္ဒေါပကာရဝါစကောတိ ဒဿေတိ။ အယမိဝ ဋီကာယံ မဇ္ဈိမာဂမဋီကာ ဝိနယဋီကာဒီသုစ အာဂတနယော။ သဒ္ဒဝိဒူပဒ္ဒပဝတ္တိ နိမိတ္တာနသာရေန ဇေမိစ္ဆန္တိ။ အယံပကာရော အသာတိလ္ဟထ္ထံ၊ ပကာရဝန္တော။ ဝိစိတြာဟိတဒွိတဝုတ္တိ။ တဿဘာဝေါ လ္ဟထ္ထတ္ထံ။ ပကာရော။ လ္ဟမမတ္ထံ ဒဿန္တော လ္ဟထ္ထဘာဝတော လ္ဟမသ္မာဇဝံပကာရာတိ အာဟာတိ။ သိလက္ခန်ဋီကာသစ်။ ။ဒုတိယဝိကပ္ပေ၊ ဒုတိယဝိကပ်၌။ ။(ဒဿေတိ၊ ၌စပ်)။ ။အယံပကာရော၊ ဤအပြားတည်း။ လ္ဟထ္ထ၊ ဤအပြား။ တဿဝေါ၊ ထိုသို့သဘောရှိသော ဤအပြား၏အဖြစ်သည်။ လ္ဟထ္ထတ္ထံ၊ လ္ဟထ္ထတ္ထ-မည်၏။ စ၊ အချက်ကျကျ၊ အနက်လှအောင်၊ ဆက်ပြဦးအံ့။ ဇေတ္ထတသ္မိုပဒေ၊ လ္ဟထ္ထာတ္တာယ-ဟူသောဤပုဒ်၌။ သမ္မဒါန

http://www.dhammadownload.com

မဂ်ဖြင့်ပိုင်းခြားရ၍ သိအပ်ကုန်ပြီးသည်။ ဟုတွာ၊ ဖြစ်ကုန်၍။ အဲနောကာသာ၊ တည်ရာမရှိကုန်ဘဲ။ တိဋ္ဌန္တိ၊ တည်ကြရကုန်၏။ ပဋ္ဌ၊ ကုန်သော။ တေခန္ဓာ၊ ထိုခန္ဓာတို့သည်။ စရိမကစိတ္တ နိရောဓေန၊ နောက်ဆုံးဖြစ်သော ပရိနိဗ္ဗာန်စိတ်၏ ချုပ်ခြင်းကြောင့်။ အနုပါဒါနော၊ လောင်စာမရှိသော။ ဇာတဝေဒေါ၊ မီးသည်။ နိဗ္ဗာယတိဝိယ၊ ငြိမ်းအေးလတ္တံသို့။ တထာ၊ တူ။

ဝစနဿ၊ သမ္ဘဒါန် သ,စိဘတ်၏။ ကာရိယဘူတော၊ ကာရိယဖြစ်၍ဖြစ်သော။ **အာယသဒ္ဒေါ၊ အာယသဒ္ဒါသည်။ နိဿဏ္ဏတ္ထော၊ ပဋ္ဌမိအနက်၌။** ပတ္တတိ၊ ဖြစ်၏။ **ဣတိကိုယမ်အတ္ထဲ၊ ကို။ ဣတ္ထ ဘာဝကောတိ ဣမိနာပါဠေန၊ ဖြင့်။** သင်္ဂဟကာရော၊ သည်။ **ဒဿေတိ၊ ၏။ ပန၊ ရွှေ့နောက်အစပ်၊ သင်္ခေပါက်ပတ်အောင်၊ နောက်ထပ်ဆက်လိုက်အုံး။ ဣမသ္မာဝေါပကာရာတိ၊ ဟူ၍။ ဝဒန္တော၊ မိန့်ဆိုသော။** သင်္ဂဟကာရော၊ သည်။ **။(ဒဿေတိ၊ ၌စပ်)။ ။ပကာရဝန္တ တော၊ ပကာရရှိသော ဓန္ဓာအစဉ်မှ။ အတ္ထတော၊ အနက်အားဖြင့်။** ဘေဒေါ၊ ထူးပြားသော။ **ပကာရောနာမ၊ ပကာရမည်သည်။ ဝါ၊ အပြားမည်သည်။** နတ္ထိ၊ ရှိတော့သည်မဟုတ်။ ဟိ၊ အဆစ်ပိုပို၊ **အမြစ်ပြို့အောင်၊ အဖြစ်ကိုပြအုံး။ သောပကာရော၊ ထိုပကာရသည်။** ဘေဒေါ၊ ပကာရဝန္တ မှ ထူးပြားသည်။ **ယဒိအဿ၊ အကယ်၍ ဖြစ်ခဲ့ငြားအုံး။** ဧဝံသတိ၊ သော်။ တဿေဝပကာရဿ၊ ထိုပကာရ၏သာလျှင်။ **သောပကာရော၊ ထိုပကာရသည်။** နသိယာ၊ မဖြစ်နိုင်ရာ။ တသ္မာ၊ ကြောင့်။ **ဣတ္ထံ သဒ္ဒေါ၊ သည်။ ပကာရဝန္တ ဝါစကော၊ ပကာရဝန္တ အနက်ကို ဟော၏။** ပန၊ စင်စစ်ကနဉ်းအမှန်အားဖြင့်။ **အတ္ထတော၊ အနက်အားဖြင့်။** အဘေဒေ၊ မထူးမပြားသည်။ သတိပိ၊ ဖြစ်ပင်ဖြစ်ပါသော်လည်း။ **အဝယဝါဝယဝိတာဒိနာ၊ အစပ်အပေါင်း၏ အဖြစ် အစရှိသည်ဖြင့်။** ဘေဒပရိကပ္ပနဝသေန၊ အထူးကိုကြံခြင်း၏ **အစွမ်းအားဖြင့်။** ကိဉ္စိ၊ မပြော လောက်ဘွယ် အနည်းငယ်သော။ ဘေဒမတ္တံ၊ အထူးမျှသည်။ သိယာ၊ ဖြစ်ရာ၏။ တသ္မာ၊ ကြောင့်။ ဣတ္ထတ္တသဒ္ဒေါ၊ ဣတ္ထတ္တ-သဒ္ဒါသည်။ ပကာရဝါစကော၊ ပကာရကို ဟောတတ်၏။ ဣတိကိုယမ်အတ္ထဲ၊ ကို။ ဒဿေတိ၊ ၏။ အယံနယော၊ ဤနည်းသည်။ ဣဒ္ဓိကာယံစ၊ ဤဋ္ဌိကာဟောင်း၌လည်းကောင်း။ မဋ္ဌိမာဂမဋ္ဌိကာ ဝိနယဋ္ဌိကာဒီသုစ၊ **မဋ္ဌိမနိကာယ် ဘယဘေရဝသုတ် ဋ္ဌိကာ,ဝေရဉ္ဇကဏ္ဍ သာရတ္ထ ဝိနည်းဋ္ဌိကာအစရှိသည်တို့၌လည်းကောင်း။** အာဂတနယော၊ လာသောနည်းတည်း။ ပန၊ တမျိုး ကွန်မြူး၊ ဝိပ္ပါယ်ထူးကို၊ ဆိုဦးအုံး။ **သဒ္ဒဝိဒူ၊ သဒ္ဒါအရာလိမ့်မာမြင်သိ ပညာရှိသောဆရာတို့သည်။** ပဝတ္တိနိမိတ္တာနသာရေန၊ **ပဝတ္တိနိမိတ်သို့ အစဉ်လိုက်သဖြင့်။ ဇော်၊ ဤသို့။** ဣစ္စန္တိ၊ အလိုရှိကြကုန်၏။ **ကိံ၊** အဘယ်သို့။ **ဣစ္ဆန္တိ၊ ကုန်သနည်း။ အဿပကာရဝန္တ ဿ၊ ထိုပကာရဝန္တ ဓန္ဓာအစဉ်အား။** အယံပကာရော၊ ဤအပြား သည်။ **အတ္ထိ၊ ၏။** ဣတိတသ္မာ၊ ကြောင့်။ သောပကာရဝန္တော၊ သည်။ ဣတ္ထံ၊ ဣတ္ထမည်၏။ ပကာရဝန္တော၊ **ပကာရရှိသော ဓန္ဓာအစဉ်ကို။** လဒ္ဓတိ၊ ရအပ်၏။ ဟိ၊ အကြောရရ၊ နည်းဟန်ကျသဖြင့်၊ **မှန်လှ၏။ တဒ္ဓိတဝုတ္တိ၊ တဒ္ဓိတ်ပစ္စည်းတို့၏ ဖြစ် ခြင်းသည်။** ဝိစိတ္တြာ၊ ဆန်းကြယ်လှ၏။ **တဿဣတ္ထံ၊ ထိုသို့သဘောရှိသော ဣဿပကာရရှိသော ပကာရဝန္တ ဓန္ဓာအစဉ်၏။** ဘာဝေါ၊ အဖြစ်သည်။**ဣတ္ထတ္တံ၊ ဣတ္ထတ္တ-မည်၏။ ပကာရော၊ အပြားကို။** လဒ္ဓတိ၊ ရအပ်၏။ ဣမံ အတ္ထံ၊ ဤအနက်ကို။**ဒဿေန္တော၊ ပြလိုရကား။ ဣတ္ထဘာဝတော ဣမသ္မာဝေါပကာရာတိ၊ ဟူ၍။** အာဟ၊ ပြီ။ **ဣတိဇော၊ သို့။ ဣစ္ဆန္တိ၊ ကုန်၏။**

ဤအနက်ဖြင့်ပင် သိသာပေါက်ပြီဖြစ်၍ အဓိပ္ပါယ်ပြန်ရန်မလို။ ဤဒုတိယဝိဂဟ်မှာ **အဋ္ဌကထာပါဠိကို အောက်ကအဋ္ဌကထာပါဠိရှိတိုင်း ထုတ်ပြခဲ့ပြီ။** ထိုအဋ္ဌကထာပါဠိဝယ်။ **။ဣတ္ထ ဘာဝတော။ ။ဟူသော သံဝဏ္ဏနာပါဠိကို စုံစမ်းဘွယ်ရှိ၏။ စုံစမ်းခဲ့သော်။ ။ဣတ္ထတ္တာယ။ ။ ဟူသော သံဝဏ္ဏောတဗ္ဗပုဒ်ကို ပုဒ်ဖြတ်ခဲ့လျှင်။ ။ဣတ္ထံ -အတ္တာယဟုဖြစ်ရာ၏။ ဣတ္ထံအတ္တာယ-**

http://www.dhammadownload.com

နိဗ္ဗာယိဿန္တိ၊ ငြိမ်းအေးကြရကုန်လိမ့်လတ္တံ့။ အပဏ္ဏတ္တိကဘာဝဥ၊ ပညတ်မရှိသည်၏အဖြစ်သို့လည်း။ ဂမိဿန္တိ၊ ရောက်ကြရကုန်လိမ့်လတ္တံ့။ ဣတိ၊ သို့။ ပဇာနာတိ၊ ၏။ ၂၄၉။ ပဗ္ဗတသခေ်ပေတိ၊ ကား။ ပဗ္ဗတမတ္ထကေ၊ တောင်ထိပ်၌။ ပါ၊ တောင်ထွဋ်၌။ အဿ၊ ရှိရာ၏။ အနာဝိလောတိ၊ ကား။ နိက္ကဒ္ဒမော၊ ညွန်မရှိသော။ ဥဒကရဟဒေါ၊ ရေအိုင်သည်။ အဿ၊ ရာ၏။ သိပ္ပိကောစ၊ ယောက်သွားလည်း။ သမ္ဗုကောစ၊ ခရုလည်း။ သိပ္ပိကသမ္ဗုကံ၊ ယောက်သွား,ခရု။ သက္ခရာစ၊ ကျောက်စရစ်တို့လည်း။ ကထလာစ၊ အိုးခြမ်းတို့လည်း။ သက္ခရ ကထလံ၊ ကျောက်စရစ်,အိုးခြမ်း။ * မစ္စာနံ၊ ငါးတို့၏။ ဂုမ္ဗံ၊ အပေါင်းတည်း။ ဃရာ၊ အပေါင်းတည်း။ ဣတိတသ္မာ၊ ထိုသို့ ငါးတို့၏အပေါင်း၏အဖြစ်ကြောင့်။ မစ္ဆဂုမ္ဗံ၊ မည်၏။ တိဋ္ဌန္တမ္ပိ စရန္တမ္ပိတိဇ္ဈေ၊ ၌။ ဝိနိစ္ဆယော၊ ကို။ ဇဝံ၊ ဖြင့်။

ပုဒ်ကို သံဝဏ္ဏနာပြုခဲ့သော်။ ဣတ္ထံ အတ္ထဘာဝတော-ဟူသော သံဝဏ္ဏနာပါဠိသာဖြစ်သင့်၏ဟု ထင်မိပေ၏။ ဣတ္ထံ-ဟူသောပုဒ်ကို။ ။ဣမသ္မာ ဇေဝံပကာရာ။ ။ဟုဖွင့်၏။ ။အတ္ထဘာဝတော။ ပုဒ်ကို။ ။ဣဒါနိ ဝတ္တမာန ခန္ဓသန္တာနာ။ ။ဟုဖွင့်၏။ ။ဟုကြံသင့်၏။ အတ္ထဘာဝပုဒ်မှာလည်း။ အတန္တိ သတတံ ဂစ္ဆန္တိ သတ္တာ ယေနာတိ အတ္တာ၊ အတ-သာတစ္စဂမနေ၊ တော။ ဘဝါဘဝံ ဇာဝန္တေနာ ဇာတိဇရာ မရဏာဒီဟေဒံ အနေကဝိဟိတံ သံသာရဒုက္ခံ အတတိ ဂစ္ဆတိ ပါပုဏာတိ အတိ ဂစ္ဆတီတိဝါ အတ္တာ၊ အတ ဂတိမှိ၊ တော။ အာဟိတော အဟံမာနော ဇ္ဈောတိဝါအတ္တာ၊ အာပုဗ္ဗော-ဓါ,ထပနေ၊ တော။ အထဝါ နိရန္တရံ အာဓာဓေအတတိပဝတ္တတီတိ အတ္တာ၊ အတ-ဓာတုယေဝ။ သုခဒုက္ခံ အဒတိ ခါဒတီတိဝါအတ္တာ။ အဒ-ဘက္ခဏေ၊ တော။ အတ္တာတိ အဘိဓာန် ဗုဒ္ဓိစ ဘဝန္တိ ဇေသ္ဌာတိအတ္တဘာဝေါ။ ။ကိတန္တ-သမာသ်ဝိဂြိုဟ်အရ(ကိုယ်)ဟူသော အနက်ကို ဟောတတ်သော အတ္တ-သဒ္ဒါ,(ကိုယ်)ဟူသောအနက်ကို သိတတ်သော အသိဉာဏ်တို့၏ ဖြစ်ရာ (ခန္ဓာပဉ္စက)ကို ရသည်ဖြစ်၍ ဣဒါနိဝတ္တမာန ခန္ဓသန္တာန-ဟူသော သံဝဏ္ဏနာနှင့် အလွန် သင့်လျော်၏ ဟု ထင်မိပေ၏။ ဆင်ခြင်၍ ယူရာ၏။ ဆောင်ပြအပ်ပြီးသော ဋီကာများ၌။ ။ဣမေ ပနစရိမကတ္တာဘာဝသဒ်ါတာ ပဉ္စက္ခန္ဓာ ပရိညာတာ။ ။ဟု ပါဠိရိုးကြ၏။ အဋ္ဌကထာများ၌ ကား။ ။ဣမေပနပဉ္စက္ခန္ဓာ ပရိညာတာ။ ။ဟူ၍သာ ပါဠိရိုးကြ၏။]

* မ္ဟတ်ရွက်။ ။[ဣဒ္ဓိ မစ္စာနံ ဂုမ္ဗံဃရာ။ ။ဟူသောပါဠိကို ထောက်သဖြင့် နည်းလေးဆယ်စာအုပ်များ၌ ယထာလာဘနည်း ပြယုဂ်ထုတ်ရာဝယ်။ ။မစ္ဆကုမ္ဗမ္ပိ။ ။ဟု(အိုး)ဟော ကဏ္ဍဇပေထမက္ခရာ က,သြဋ္ဌဇ ပဝဂ္ဂန္တ မ, စတုတ္ထက္ခရာ ဘ,နှင့်ဂဠင်း။ ။မစ္ဆကုမ္ဗမ္ပိ။ ။ဟု(လိပ်)ဟော ကဏ္ဍဇပေထမက္ခရာ က,သြဋ္ဌဇပဉ္စမက္ခရာ သဒ်သဂွေဘော် မ,နှင့်ဂဠင်း အမျိုးမျိုးပါဠိဗျက်လွှက်ရှိသည်ကို သတိပြုရာ၏။

သမုဟော ဂဏသယ်ဘာတာ၊ သမုဒါယောစ သဥယော။
သဒ်နှာဟော နိဝဟော သြဃော၊ ဝိသရော နိကရော စယော။
ကာယော ခန္ဓော သမုဒယော၊ ဃရော သမိတံ သံဟတိ။
ရာသိပုဉ္ဇော သမဝါယော၊ ပူဂေါ ဇာတံ ကဒမ္ဗကံ။
ဗြူဟော ဝိတာန ဂုမ္ဗာစ၊ ကလာပေါ စေလ မတ္တလံ။

ဘူကဏ္ဍ အရညာဒိဝဂ် ဒ ဘိဓာန်အပေါင်း(သမူဟတ္ထ)ဟော ပရိယာယ်နှစ်ဆယ့်ကိုးပုဒ်။ ဤနှစ်ဆယ့်ကိုးပုဒ်တို့၌ အကြိုးဝင်သော ဂုမ္ဗ-သဒ္ဒါ, ဃရ-သဒ္ဒါများသည် ပရိယာယ်ပုဒ်များဖြစ်၍ ဂုမ္ဗံ-ကို ဃရာ-ဟု ထပ်ဖွင့်သည်ကို သတိပြုရမည်ဟူလို]

http://www.dhammadownload.com

ဝေဒိတဗ္ဗော၊ ၏။ သက္ခရကထလံ၊ ကျောက်စရစ်,အိုးခြမ်းသည်။တိဋ္ဌတိလေဝ တည်ရုံသာ တည်တတ်သည်သာ။ ဣတရာနိ၊ဤကျောက်စရစ်,အိုးခြမ်းမှတပါးကုန်သော ယောက်သွား, ခရ,ငါးတို့၏အပေါင်းတို့သည်။ စရန္တိပိ၊ သွားလည်းသွားတတ်ကုန်၏။ တိဋ္ဌန္တိပိ၊ တည်လည်း တည်တတ်ကုန်၏။ သက္ခရကထလံ၊ သည်။ ကိဉ္စာပိ တိဋ္ဌတိယေဝ၊အကယ်၍ကား တည်ရုံသာ တည်တတ်ပေ၏။ ဣတရာနိ၊ ဤကျောက်စရစ်,အိုးခြမ်းမှတပါးကုန်သော ယောက်သွား,ခရ,ငါးတို့၏အပေါင်းတို့သည်။ ကိဉ္စာပိ စရန္တိပိ၊ အကယ်၍ကား သွားလည်းသွားတတ်ပေကုန်၏။ ကိဉ္စာပိ တိဋ္ဌန္တိပိ၊ အကယ်၍ကား တည်လည်းတည်တတ်ပေကုန်၏။ ပန၊ ထိုသို့ပင် ကျောက်စရစ်,အိုးခြမ်းသည် တည်ရုံသာတည်တတ်,ကျောက်စရစ်,အိုးခြမ်းမှတပါးကုန်သော ယောက်သွား,ခရ,ငါးတို့၏ အပေါင်းတို့သည် သွားလည်းသွားတတ်, တည်လဲလည်းတည်တတ်ပါကုန်သော်လည်း။ အန္တရန္တရာ၊ များစွာသော နွားမတို့၏အကြားအကြား၌။ ဌိတာသု၊ ရပ်တည်ကုန်သော။ ဂါဝိသုပိ၊ နွားမတို့သည်လည်းကောင်း။ နိသိန္နာသု၊ အိပ်နေကုန်သော။ ဂါဝိသုပိ၊ တို့သည်လည်းကောင်း။ ဝိဇ္ဇမာနာသုပိ၊ ရှိပင်ရှိပါကုန်သော်လည်း။ တေဂဂါဝေါ၊ ဤနွားမတို့သည်။ စရန္တိ၊ လှည့်လည်သွားလာတတ်ကုန်၏။ ဣတိ၊ သို့။ စရန္တိယော၊ လှည့်လည်သွားလာတတ်ကုန်သော။ ဂါဝိယော၊ နွားမတို့ကို။ ဥပါဒါယ၊ စွဲ၍။ ဝါ၊ အကြောင်းပြု၍။ ဣတရာပိ၊ ဤလှည့်လည်သွားလာတတ်သော နွားမမှတပါးကုန်သော နွားမတို့ကိုလည်း။ စရန္တိတိ၊ စရန္တိ–တို့ဟူ၍။ ဝါ၊ သွားတတ်ကုန်၏ဟူ၍။ ဝုစ္စန္တိယထာ၊ သို့။ ဧဝံ၊ တူ။ တိဋ္ဌန္တ မေဝ၊ တည်သည်သာလျှင်ဖြစ်သော။ သက္ခရကထလံ၊ ကို။ ဥပါဒါယ၊ စွဲ၍။ ဝါ၊ အကြောင်းပြု၍။ ဣတရံ၊ ဤကျောက်စရစ်,အိုးခြမ်းမှတပါးသော။ ဒွယမ်ပိ၊ ယောက်သွားခရ,ငါးတို့၏ နှစ်ပါးတို့၏အပေါင်းကိုလည်း။ တိဋ္ဌန္တိန္တိ၊ ဟူ၍။ ဝါ၊ တည်တတ်၏။ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ ဣတရံ၊ ဤကျောက်စရစ်,အိုးခြမ်းမှတပါးသော။ စရန္တံ၊ လှည့်လည်သွားလာတတ်သော။ ဒွယံစ၊ ယောက်သွားခရ,ငါးတို့၏ နှစ်ခုတို့၏အပေါင်းကိုလည်း။ ဥပါဒါယ၊ ၍။ သက္ခရကထလမ်ပိ၊ ကိုလည်း။ စရန္တန္တိ၊ ဟူ၍။ လှည့်လည်သွားလာတတ်၏ ဟူ၍။ ဝုတ္တံ၊ ပြီ။ တတ္ထတိဿ ဥပမာယံ၊ ထိုဥပမာ၌။ စက္ခုမတော၊ ပသာဒစက္ခုရိသော။ တိရေ၊ ကမ်းနား၌။ ဌတွာ၊ တည်၍။ ပဿတော၊ ကြည့်ရှုသော။ ပုရိသဿ၊ အား။ သိပ္ပိကသမ္ပုဏ္ဏာဒိနံ၊ ယောက်သွား,ခရအစရှိသည်တို့၏။ ဝိဘူတကာလော၊ ထင်ရှားရာအခါကို။ ဒဋ္ဌဗ္ဗောဝိယ၊ သို့။ တထာ၊ တူ။ အာသဝါနံ၊အာသဝေါတရားတို့၏။ ခယာယ၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ကိုသိမြင်တတ်သော မဂ်ဉာဏ်အကျိုးငှါ။ စိတ္တံ၊ ဝိပဿနာစိတ်ကို။ နိဟရိတွာ၊ ထုတ်ဆောင်၍။ နိသိန္နဿ၊ သော။ ဘိက္ခုနော၊ အား။ စတုန္နံ၊ ကုန်သော။ သစ္စာနံ၊ သစ္စာတို့၏။ ဝိဘူတကာလော၊ ထင်ရှားရာအခါကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဣတိ၊ ဤတွင် အာသဝက္ခယဉာဏ်ကို၊ ဆိုရန် စကား၊ရပ်၊ ပြီး၍လတ်၍၊ လက်စသတ်လိုက်ပြီ။

ဗုဇ္ဈာဝတာ၊ ဤမျှလောက်အတိုင်းအရှည်ရှိသော ပုနစပရံ မဟာရာဇ ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ–အစရှိသော သဒ္ဒါအစဉ်ဖြင့်။ ဝိပဿနာဉာဏ်၊ ဝိပဿနာဉာဏ်လည်းကောင်း။ မနောမယဉာဏ်၊ လည်းကောင်း။ ဣဒ္ဓိဝိဓဉာဏ်၊ လည်းကောင်း။ ဒိဗ္ဗသောတဉာဏ်၊

http://www.dhammadownload.com

လည်းကောင်း။ စေတောပရိယဉာဏ်၊ လည်းကောင်း။ ပုဗ္ဗေနိဝါသဉာဏ်၊ လည်းကောင်း။ ဒိဗ္ဗစက္ခုဝသေန၊ ဒိဗ္ဗစက္ခုအဘိညာဉ်၏ အစွမ်းအားဖြင့်။ နိပ္ပန္နံ၊ ပြီးသော။ အနာဂတံသညာဏ ယထာကမ္မူပဂဉာဏဒွယံ၊ အနာဂတ်သညာဏ်, ယထာကမ္မူပဂဉာဏ်တို့၏ နှစ်ပါးတို့၏ အပေါင်းလည်းကောင်း။ ဒိဗ္ဗစက္ခုဉာဏ်၊ လည်းကောင်း။ အာသဝက္ခယဉာဏ်၊ လည်းကောင်း။ ဣတိ၊ သို့။ ဒသ၊ ဆယ်ပါးကုန်သော။ ဉာဏာနိ၊ ဉာဏ်တို့သည်။ ဝါ၊ တို့ကို။ နိဒ္ဒိဋ္ဌာနိ။ ညွှန်ပြအပ်ကုန်ပြီးသည်။ ဟောန္တိ၊ ကုန်၏။ ဒသန္နံ၊ ကုန်သော။ တေသံ ဉာဏာနံ၊ တို့၏။ အာရမ္မဏဝိဘာဂေါ၊ အာရုံကို ခွဲခြမ်းဝေဖန်ခြင်းကို။ ဧကိမ်ဘော၊ သိအပ်၏။ တတ္ထတသို့ အာရမ္မဏဝိဘာဂေါ၊ ထိုအာရုံကို ခွဲခြမ်းဝေဖန်ခြင်း၌။ ဒသသု၊ ကုန်သော။ တတ္ထ တေသု ဉာဏေသု၊ တို့တွင်။ ဝိပဿနာဉာဏ်၊ ဝိပဿနာဉာဏ်သည်။ ပရိတ္တမဟဂ္ဂတ အတီတာနာဂတပစ္စုပ္ပန္န အဒ္ဓတ္တ ဗဟိဒ္ဓါဝသေန၊ ပရိတ္တအာရုံ,မဟဂ္ဂုတ်အာရုံ, အတိတ်အာရုံ, အနာဂတ်အာရုံ,ပစ္စုပ္ပန်အာရုံ, အဒ္ဓတ္တအာရုံ, ဗဟိဒ္ဓအာရုံတို့၏အပြားအားဖြင့်။ သတ္တဝိဓာရမ္မဏ၊ ခုနစ်ပါးအပြားရှိသော အာရုံသည်။ ဟောတိ၊ ၏။

မနောမယဉာဏ်၊ မနောမယဉာဏ်သည်။ နိမ္မိတရူပါယတနမတ္တမေဝ၊ မိမိကိုယ်တိုင်ဖန်ဆင်းအပ်သော ရူပါယတနမျှကိုသာလျှင်။ ဝါ၊ မိမိကိုယ်တိုင်ဖန်ဆင်းအပ်သော မနောမယကာယ၌ ထင်ရှားသော ရူပါယတနကိုသာလျှင်။ အာရမ္မဏ၊ အာရုံကို။ ကရောတိ၊ ပြု၏။ ဣတိတသ္မာ၊ ထိုသို့ မနောမယဉာဏ်၏ မိမိကိုယ်တိုင်ဖန်ဆင်းအပ်သော ရူပါယတနမျှကို သာလျှင် အာရုံပြုသည်၏အဖြစ်ကြောင့်။ ပရိတ္တပစ္စုပ္ပန္နဗဟိဒ္ဓါရမ္မဏ၊ ပရိတ္တအာရုံ,ပစ္စုပ္ပန်အာရုံ, ဗဟိဒ္ဓအာရုံသည်။ ဟောတိ၊ ၏။

အာသဝက္ခယဉာဏ်၊ သည်။ အပ္ပမာဏဗဟိဒ္ဓါ နဝတ္တဗ္ဗာရမ္မဏ၊ အပ္ပမာဏအာရုံ, ဗဟိဒ္ဓအာရုံ,နဝတ္တဗ္ဗအာရုံရှိသည်။ ဝါ၊ အပ္ပမာဏအာရုံ,ဗဟိဒ္ဓအာရုံ,ပစ္စုပ္ပန်,အတိတ်,အနာဂတ်ဟူ၍ မဆိုအပ်သော နိဗ္ဗာန်ဟူသောအာရုံရှိသည်။ ဟောတိ၊ ၏။ အဝသေသာနံ၊ ကြွင်းကျန်ကုန်သော။ ဉာဏာနံ၊ ဉာဏ်တို့၏။ အာရမ္မဏဘေဒေါ၊ အာရုံအထူးအပြားကို။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်၌။ မယာ၊ သည်။ ဝုတ္တော၊ ပြီ။

ဥတ္တရိတရံဝါ ပဏီတတရံဝါတိ၊ ကား။ ယေနကေနစိ၊ အမှတ်မထားတပါးပါးသော။ ပရိယာယေန၊ ပရိယာယ်အားဖြင့်။ လဟုတော အရဟတ္တဖလတော၊ ဤအရဟတ္တဖိုလ်ထက်။ သေဋ္ဌတရံ၊ အထူးသဖြင့်မြတ်သော။ သာမညဖလံနာမ၊ ရဟန်း၏အဖြစ်၏ အကျိုးမည်သည်။ နတ္ထိ၊ မရှိတော့ပြီ။ လဟုတော၊ သို့။ ဘဂဝါ၊ သည်။ အရဟတ္တနိကန္တိုဋ္ဌေန၊ အရဟတ္တဖိုလ်တည်းဟူသော အထွဋ်ဖြင့်။ ဝါ၊ အထွဋ်ဖြစ်၍ဖြစ်သော အရဟတ္တဖိုလ်ဖြင့်။ ဒေသနံ၊ ဒေသနာတော်ကို။ နိဋ္ဌာပေသိ၊ ပြီးဆုံးစေတော်မူပြီ။

၂၅၀။ ရာဇာ၊ မင်းသည်။ တတ္ထ တတ္ထ တသို့တသို့သာမညဖလေ၊ ထိုထို သာမညဖလ၌။ (တနည်း)။ ။တတ္ထတတ္ထတသို့တသို့သုတ္တပဒေသေ၊ ထိုထို သုတ်တစိတ်၌။ သာဓုကာရံ၊ ကောင်းခြီးကို။ ဝါ၊ ကောင်းစွာ–ဟု ပြုအပ်သောအသံကို။ ဝါ၊ သူတော်ကောင်းတို့သည် ပြုအပ်သော အမှုအရာကို။ ပဝတ္တေန္တော၊ ဖြစ်စေလျက်။ ဒေသနာယ၊ ဒေသနာတော်၏။

http://www.dhammadownload.com

အာဒိမဇ္ဈပရိယောသာနံ၊ အစ,အလယ်,အဆုံးကို။ သက္ကစ္စံ၊ ကောင်းစွာပြု၍။ ဝါ၊ ရှိသေစွာ။ သုတ္တာ၊ နာရ၍။ အဟံ၊ ငါသည်။ စိရံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ ဣမေပဥ္စေ၊ ဤပြဿနာတို့ကို။ ပုထု၊ များစွာကုန်သော။ သမဏဗြာဟ္မဏေစ၊ ရဟန်း,ပုဏ္ဏားတို့ကိုသာလျှင်။ ပုစ္ဆန္တော၊ မေးမိသည်။ အမှိဝတ၊ ဖြစ်ခဲ့လေစွတကား။ ပုထု၊ များစွာကုန်သော။ သမဏဗြာဟ္မဏော၊ တို့ကို။ ပုစ္ဆန္တော၁၊ မေးပင်မေးပါသော်လည်း။ ထုသေ၊ ဖွဲတို့ကို။ ကောဋ္ဌေန္တော၊ ထောင်းထုသော။ ပဂ္ဂလော၊ သည်။ ကိဉ္စိ၊ တစုံတခုသော။ သာရံ၊ အနှစ်ကို။ နလဘတိဝိယ၊ မရသကဲ့သို့။ တထာ၊ တူ။ ကိဉ္စိ၊ သော။ သာရံ၊ ကို။ နာလတ္ထဝတ၊ မရခဲ့လေစွတကား။ ယောဘဝေါ၊ သည်။ မေ၊ ငါ့အား။ ဒီဃသဟဿံ၊ ဆီမီးတထောင်ကို။ ဇာလေန္တော၀ိယ၊ ညှိထွန်းတော်မူသကဲ့သို့။ တထာ၊ တူ။ မဟန္တံ၊ ကြီးစွာသော။ အာလောကံ၊ အရောင်အလင်းကို။ ကတွာ၊ ပြုတော် မူ၍။ ဣမေပဥ္စေ၊ ဤပြဿနာတို့ကို။ ဝိဿဇ္ဇေသိ၊ ဖြေဆိုတော်မူပြီ။ တဿဘဂဝတော၊ ၏။ ဂုဏသမုဒါ၊ ဂုဏ်တော်တို့နှင့် ပြည့်စုံခြင်းသည်။ အဟောဝတ၊ အံ့ဘွယ်ရှိပါပေစွတကား။ ဝါ၊ အံ့ဘွယ်ရှိပါပေစွ-ဩ။

အဟံ၊ သည်။ ဝါ၊ ကို။ သုစိရံ၊ အလွန်ကြာမြင့်စွာသောကာလပတ်လုံး။ ဒဿဇလဿ၊ မြတ်စွာဘုရား၏။ ဂုဏာနုဘာဝံ၊ ဂုဏ်တော်အာနုဘော်ကို၊ အဇာနန္တော၁၊ မသိဘဲ။ ဝဋ္ဋိတော၊ မောဟသည် လှည့်ပတ်ဖြားယောင်းအပ်သည်။ အမှိဝတ၊ ဖြစ်ခဲ့လေစွတကား။ ဣတိ၊ သို့။ စိန္တေတွာ၊ ကြံ၍။ ဗုဒ္ဓါဂုဏာနုဿရဏသမ္ဘူတာယ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အောက်မေ့ခြင်းကြောင့်ဖြစ်သော။ ပဗ္ဗဝိတယ၊ ငါးပါးအပြားရှိသော။ ပီတိယာ၊ ပီတိသည်။ ဖုဋ္ဌသရီရော၊ ဖြန့်အပ်သောကိုယ်ရှိသည်။ ဝါ၊ ပျံ့နှံ့စေအပ်သောကိုယ်ရှိသည်။ ဂါ၊ ထွေ့ထိအပ်သော ကိုယ်ရှိသည်။ ဝါ၊ ရောက်အပ်သောကိုယ်ရှိသည်။ ဟုတွာ၊ ၍။ အတ္တနော၊ ၏။ ပသာဒံ၊ ကြည်ညိုခြင်းကို။ အာဝိကရောန္တော၊ ထင်စွာပြုလိုသည်၏အဖြစ်ကြောင့်။ ဥပါသကတ္တံ၊ ဥပါသကာ၏အဖြစ်ကို။ ပဋိဝေဒေသိ၊ သိစေပြီ။ ဝါ၊ လျှောက်ထားပြီ။ တံ၊ အာဝိကရဏ ပဋိဝေဒနံ၊ ထိုမိမိ၏ကြည်ညိုခြင်းကို ထင်စွာပြုခြင်း,ဥပါသကာ၏အဖြစ်ကို လျှောက်ထားခြင်းကို။ ဧဝံ ဝုတ္တေ ရာဇာတိ အာဒိနာ၊ ပါဠိဖြင့်။ ဒဿေတုံ၊ ပြခြင်းငှါ။ ဧဝံ ဝုတ္တေ ရာဇာန္တိ အာဒိ၊ ပါဠိကို။ အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ အာရဒ္ဓံ။ အား‌ထုတ်အပ်ပြီ။

တတ္ထတသ္မိံပါဠေ၊ ဧဝံဝုတ္တေ ရာဇာ-အစရှိသော ထိုပါဠိ၌။ အဘိက္ကန္တံဘန္တေတိ ဝတ္ထု၊ ပါဠိ၌။ နိဝိဋ္ဌော၊ တည်သော။ အယံအဘိက္ကန္တသဒ္ဒေါ၊ ဤအဘိက္ကန္တသဒ္ဒါသည်။ ဝါ၊ ကို။ ဓယသုန္ဒရာဘိရူပအစ္ဆာနုမောဒနေသု၊ ကုန်ခြင်းဟူသောအနက်, အကောင်းဟူသောအနက်, လွန်ကဲသောအဆင်းဟူသောအနက်, အလွန်ဝမ်းမြောက်ခြင်းဟူသော အနက်တို့၌။ ဒီဿတိ၊ ထင်၏။ ဝါ၊ ရွှအပ်၏။ ။ဟိ၊ အလွန်ကျဉ်းဘိ...ပိမံ။ အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ နိကွန်လွန်သော ပထမော ယာမော၊ စရုနိသိန္နော ဘိက္ခုသံဃောတိ အာဒိသု၊ ဘိက္ခုသံဃော-ဟူသော စုဥဝဂ္ဂပါတိမောက္ခထပနကွန်က-အစရှိသော သာဓကပါဠိတို့၌။ နိဝိဋ္ဌော၊ သော။ အဘိက္ကသဒ္ဒေါ၊ သည်။ ဝါ၊ ကို။ ဓယေ၊ ကုန်ခြင်းဟူသော အနက်၌။ ဒီဿတိ၊ ထင်၏။ ဝါ၊ ရွှအပ်၏။

(သာဓကပါဠိအနက်ကား။ ။ဘန္တေ၊ မြတ်စွာဘုရား။ ရတ္တိ၊ ပထမယာမ်ညဉ့်သည်။

http://www.dhammadownload.com

အဘိက္ကန္တာ၊ လွန်ခဲ့ပါပြီ။ ဝါ၊ ကုန်ခဲ့ပါပြီ။ ဝါ၊ ကင်းခဲ့ပါပြီ။ ပထမော၊ ရှေးဦးစွာသော၊ ယာမော၊ ယာမ်သည်။ နိက္ခန္တော၊ ထွက်ခဲ့ပါပြီ။ ဘိက္ခုသံယော၊ ရဟန်းအပေါင်းသည်။ စိရနိသိန္နော၊ ထိုင်နေပြီးသော ရဟန်းအပေါင်းအား ကြာမြင့်သောကာလရှိပါ၏။ ဝါ၊ ထိုင်နေရာအခါမှစ၍ ကြာမြင့်လှပါပြီ။)

* အယ် ဣမေသံ စတုန္နံ ပုဂ္ဂလာနံ အဘိက္ကန္တာ တရောစ ပဏီတာတရောစာတိ အာဒိသု၊ ပဏီတာတရောစ–ဟူသော စတုက္ကနိပါတ် အင်္ဂုတ္တိရ်ပဉ္စမအသုရဝဂ် ပေါတလိယသုတ် အစရှိသော သာဓကပါဠိတို့၌။ နိဝိဋ္ဌော၊ သော။ အဘိက္ကန္တ သဒ္ဒေါ၊ သည်။ ဝါ၊ကို။ သုန္ဒရေ၊ အကောင်းဟူသောအနက်၌။ ဒိဿတိ၊ ၏။ ဝါ၊ အပ်၏။

(သာဓကပါဠိအနက်ကား။ ။အယ်ပုဂ္ဂလော၊ သည်။ စတုန္နံ၊ လေးယောက်ကုန်သော။ ဣမေသံ ပုဂ္ဂလာနံ၊ ဤပုဂ္ဂိုလ်တို့တွင်။ ဝါ၊ ဤပုဂ္ဂိုလ်တို့ထက်။ အဘိက္ကန္တ တရောစ၊ အထူးသဖြင့် အလွန်နှစ်သက်အပ်သည်လည်းကောင်း။ ဝါ၊ အထူးသဖြင့် အလွန်ကောင်းသည်လည်းကောင်း။ ပဏီတတရောစ၊ အထူးသဖြင့် မြတ်သည်လည်းကောင်း။ ဟောတိ၊ဖြစ်၏။)

"ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာသြဘာသယံ ဒိသာ" တိ အာဒိသု

ကောမေဝန္ဒတိ ပါဒါနိ။ပ။ ဒိသာ–ဟူသော မဇ္ဈိကဒေဝပုတ္တ ဝိမာနဝတ္ထုအစရှိသော သာဓကပါဠိတို့၌။ နိဝိဋ္ဌော၊ သော။ အဘိက္ကန္တ သဒ္ဒေါ၊ သည်။ ဝါ၊ ကို။ အဘိရူပေ၊ လွန်ကဲသော အဆင်းဟူသော အနက်၌။ ဒိဿတိ၊ ၏။ ဝါ၊ အပ်၏။

(ဂါထာ၏အနက်ကား။ ။ဣဒ္ဓိယာ၊ နတ်တို့၏တန်ခိုးဖြင့်လည်းကောင်း။ ယသသာ၊ အခြံအရံဖြင့်လည်းကောင်း။ ဇလံ၊ ထွန်းလင်းတောက်ပလျက်။ အဘိက္ကန္တေန၊ အလွန်နှစ်သက်အပ်သော။ ဝဏ္ဏေန၊ အရောအဆင်းဖြင့်။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဒိသာ၊ ဆယ်ပါးသော အရပ်မျက်နှာတို့ကို။ သြဘာသယံ၊ နေရောင်,လရောင်၊ ဝင်းဝင်းပြောင်သို့၊ အမှောင်ကွယ်ပျောက်၊အလင်းရောက်အောင်၊ ဝင်းတောက် ပြောင်လင်းစေလျက်။ မေ၊ ငါဘုရား၏။ ပါဒါနိ၊

---

* မှတ်ချက်။ ။[ပေါတလိယသုတ်၌။ ။အယ် မေ ပုဂ္ဂလော ဓမတိ ဣမေသံ စတုန္နံ ပုဂ္ဂလာနံ အဘိက္ကန္တ တရောစ ပဏီတတရောစ။ ။ဟုပါဠိ၏။ ။ဤသာဓကပါဠိ၌ကား။ ။ မေ ပုဂ္ဂလော ဓမတိ။ ။သုံးပုဒ်မပါ၊ ပေယျာလ ထိုးထားဟန်ရှိ၏။ ။အယ် ဣမေသံ ဒ္ဝိန္နံ ။ပ။ အယ် ဣမေသံ တိဏ္ဏံ ပုဂ္ဂလာနံအဘိက္ကန္တ တရောစ ပဏီတတရောစ။ ။ဟုဎင်း ပဌမအသုရ ဝဂ် ဆဝါဠာတသုတ်၌ ပါဠိရှိကြ၏။ စတုန္နံကားမဟုတ်။ အယ် ဣမေသံ စတုန္နံ ပုဂ္ဂလာနံ အဂ္ဂါဓ သေဋ္ဌော ပါမောက္ခော ဥတ္တမော ပဝရော စ။ ။ဟု ပါဠိရှိပြန်၏။ အဘိက္ကန္တ တရောစ ပဏီတ တရောစ–နှစ်ပုဒ်ကား မ,ပါ။ မေ ပုဂ္ဂလော ဓမတိ–ရှိခဲ့လျှင်။ ။အယ်ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ မေ၊ အကျွန်ုပ်အား။ စတုန္နံ၊ ကုန်သော။ ဣမေသံပုဂ္ဂလာနံ၊ တို့တွင်။ အဘိက္ကန္တ တရောစ၊အထူးသဖြင့် အလွန်နှစ်သက်အပ်၏။ ဟူ၍လည်းကောင်း။ ဝါ၊ အထူးသဖြင့် အလွန်ကောင်း၏ဟူ၍လည်းကောင်း။ ပဏီတတရောစ၊ အထူးသဖြင့် မြတ်၏ဟူ၍လည်းကောင်း။ ဓမတိ၊ အားရမြိန်ရှက်၊ နှစ်သက်ကြေနပ်ပါ၏။ ။ဟု ပေး။]

http://www.dhammadownload.com

ခြေတော်တို့ကို။ ဝန္ဒတိ၊ ရှိခိုးသောသူသည်။ ကော၊ အဘယ်သူတဲ့နည်း။ (တနည်း)။ ။ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဣန္ဒိယာ၊ နတ်တို့၏ တန်ခိုးဖြင့်လည်းကောင်း။ ယသသာ၊ အခြံအရံဖြင့်လည်းကောင်း။ ဧလဲ၊ ထွန်းလင်းတောက်ပလျက်။ အဘိက္ကန္တေန၊ အလွန်နှစ်သက်အပ်သော။ ဝဏ္ဏေန၊ အရေအဆင်းဖြင့်။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဒိသာ၊ ဆယ်ပါးသော အရပ်မျက်နှာတို့ကို။ ဩဘာသယံ၊ နေရောင်,လရောင်၊ ဝင်းဝင်းပြောင်သို့၊ အမှောင်ကွယ်ပျောက်၊ အလင်းရောက်အောင်၊ ဝင်းတောက်ပြောင်လင်းစေလျက်။ မေ၊ ငါဘုရား၏။ ပါဒါနိ၊ ခြေတော်တို့ကို။ ဝန္ဒတိ၊ ရှိခိုး၏။ သောပုဂ္ဂလော၊ သည်။ ကော၊ အဘယ်သူတဲ့နည်း။)

အဘိက္ကန္တံ ဘောဂေါတမာတိ အာဒိသု၊ ဂေါတမ-ဟူသော အမွှေသုတ်အစရှိသော သာဓကပါဠိတို့၌။ နိဝိဋ္ဌော၊ သော။ အဘိက္ကန္တသဒ္ဒေါ၊ သည်။ ဝါ၊ ကို။ အဇ္ဈာနမောဒနေ၊ အလွန်ဝမ်းမြောက်ခြင်းဟူသော အနက်၌။ ဒိဿတိ၊ ၏။ ဝါ၊ အပ်၏။

(သာဓကပါဠိအနက်ကား။ ။ဘောဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်နှစ်သက်အပ်ပါပေစွ။ ဝါ၊ အလွန်ကောင်းပါပေစွ။)

ကုဓပိဏ္ဍမသို့ပါဒြေ၊ အဘိက္ကန္တံ ဘန္တေ-ဟူသော ဤပါဠိ၌လည်း။ နိဝိဋ္ဌော၊ သော။ အဘိက္ကန္တသဒ္ဒေါ၊ သည်။ ဝါ၊ ကို။ အဇ္ဈာနမောဒနေယေဝ၊ အလွန်ဝမ်းမြောက်ခြင်းဟူသော အနက်၌ သာလျှင်။ ဒိဿတိ၊ ၏။ ဝါ၊ အပ်၏။

စ၊ မထင်ကွယ်မြုပ်..ပြုအံ့။ ယသ္မာ၊ ကြောင့်။ အဘိက္ကန္တသဒ္ဒေါ၊ သည်။ ဝါ၊ ကို။ အဇ္ဈာနမောဒနေ၊ အလွန်ဝမ်းမြောက်ခြင်းဟူသောအနက်၌။ ဒိဿတိ၊ ၏။ ဝါ၊ အပ်၏။ တသ္မာ၊ ထိုသို့ အဘိက္ကန္တ သဒ္ဒါ၏ အလွန်ဝမ်းမြောက်ခြင်းဟူသောအနက်၌ ရှုအပ်သည်၏ အဖြစ်ကြောင့်။ ဘန္တေ၊ ဘုရား။ သာဓုသာဓု၊ ကောင်းပါပေစွ,ကောင်းပါပေစွ။ ဝါ၊ ကောင်းပါပေ,ကောင်းပါပေ။ ဝါ၊ တယ်ကောင်း,တယ်ကောင်း။ ဤတိဤဒံအတ္ထဇာတံ၊ ဤသို့သော ဥဒုကတ္ထသည်။ ဝါ၊ ကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ ဤတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ စ၊ အပြစ်တင်ရန်...အံ့။ ။(တနည်း)။ ။အာစရိယ၊ အရှင်အဋ္ဌကထာဆရာ။ အယံအဘိက္ကန္တသဒ္ဒေါ၊ သည်။ အဇ္ဈာနမောဒနေ၊ ၌။ ယုတ္တော၊ သင့်သည်။ တာဝဟောတု၊ ဖြစ်ပါစေတော့။ စ-ကသ္မာ၊ အဘယ်ကြောင့်။ အယံအဘိက္ကန္တသဒ္ဒေါ၊ ကို။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ဂဟဏံ၊ မင်းသည်။ ဝုတ္တော၊ နည်း။ ဤတိအယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။

ဘဒြမုခ၊ ဆရာ။ ဗုဒ္ဓေ၊ ပညာရှိသောပုဂ္ဂိုလ်သည်။ ဘယေ၊ ကြောက်ရာအခါ၌။ အာမေဍိတံ၊ စောရော, စောရော-သပွေါ,သပွေါ-အစရှိသော အာမေဍိတ်ကို။ ဝါ၊စောရော, စောရော- သပွေါ,သပွေါအစရှိသော နှစ်ကြိမ်ရွတ်ဆိုခြင်းကို။ ဝါ၊ စောရော,စောရော သပွေါ,သပွေါ အစရှိသည်ဖြင့် ရွတ်ဆိုအပ်သောသဒ္ဒါကို။ ကရေ၊ ပြုရာ၏။ ကောဓေ၊ အမျက်ထွက်ရာအခါ ၌။ ဝါ၊ စိတ်ဆိုးရာအခါ၌။ အာမေဍိတံ၊ ဝိဇ္ဇ,ဝိဇ္ဇ-ပဟရ,ပဟရ-အစရှိသော အာမေဍိတ်ကို။ ကရေ၊ ၏။ ပသံသာယံ၊ ခြီးမွမ်းရာအခါ၌။ အာမေဍိတံ၊

http://www.dhammadownload.com

သာ်ခု,သာခုအစရှိသော အာမေဍိတ်ကို။ ကရေ၊ ပြုရာ၏။ တုရိတေ၊ အဆောတလျင်ပြုရာ အခါ၌။ အာမေဍိတဲ့၊ ဂဠ,ဂဠ–လုနာဟိ, လုနာဟိ–အစရှိသော အာမေဍိတ်ကို။ ကရေ၊ ၏။ ကောတူဟလေ၊ အသုစ်အဆန်းမကောင်းမှုကို စုံစမ်းရာအခါ၌။ အာမေဍိတဲ့၊ အာဂဆ္ဆ, အာဂဆ္ဆ–အစရှိသော အာမေဍိတ်ကို။ ကရေ၊ ၏။ အဆ္ဆရေ၊ အံ့ဩြရာအခါ၌။ အာမေဍိတဲ့၊ ဗုဒ္ဓေါ,ဗုဒ္ဓေါ–အစရှိသော အာမေဍိတ်ကို။ ကရေ၊ ၏။ ဟာသေ၊ ရွှင်လန်းရာအခါ၌။ အာမေဍိတဲ့၊ အဘိက္ကမထာယသွန္တော,အဘိက္ကမထာယ သွန္တော–အစရှိသော အာမေဍိတ်ကို။ ကရေ၊ ၏။ သောကေ၊ စိုးရိမ်ပူဆွေးရာအခါ၌။ အာမေဍိတဲ့၊ ကဟံ ဧကပုတ္တကာ,ကဟံဧကပုတ္တကာ အစရှိသော အာမေဍိတ်ကို။ ကရေ၊ ၏။ ပသာဒေ၊ ကြည်လင်ရာအခါ၌လည်း။ အာမေဍိတဲ့၊ အဟောသုခံ, အဟောသုခံ–အစရှိသော အာမေဍိတ်ကို။ ကရေ၊ ၏။ * ဂရဟာယံ၊ ကဲ့ရဲ့ရာအခါ၌လည်း။ အာမေဍိတဲ့၊ ပါပေါ,ပါပေါ–အစရှိသော အာမေဍိဟ်ကို။ ကရေ၊ ရာ၏။ အသမ္မာနေ၊ မမြတ်နိုးရာအခါ၌လည်း။ အာမေဍိတဲ့၊ အဘိရူပက,အဘိရူပက–အစရှိသော အာမေဍိတ်ကို။ ကရေ၊ ရာ၏။ ဣတိ ဣမိနာလက္ခဏေန၊ ဤသဒ္ဒလက္ခဏာကြောင့်။ ဝါ၊ ဤသဒ္ဒါကို မှတ်ကြောင်းဖြစ်သော သဘောကြောင့်။ ဣဓဣဓမသို့ သာမညဖလေ၊ ဤသာမညဖလသုတ်၌။ ပသာဒဝသေန၊ ကြည်ညိုခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ ပသံသာဝသေန၊ ခြီးမွမ်းခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ အယံအဘိက္ကန္တ သဒ္ဒေါ၊ ကို။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ရညာ၊ မင်းသည်။ ဝုတ္တော၊ အပ်ပြီ။ ဣတိအယံ၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။

အထဝါ–အပရော၊ အာမေဍိတ်နည်းမှတပါးသော။ နယော၊ ပစ္စေကအတ္ထဒွယနည်းကို။ ဧဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ အဘိက္ကန္တန္တိ၊ ကား။ အဘိက္ကန္တံ၊ အလွန်နှစ်သက်အပ်ပါပေစ။ အတိဣဋ္ဌံ၊ အလွန်အလိုရှိအပ်ပါပေစ။ အတိမနာပံ၊ အလွန်စိတ်ဖြင့် ရောက်အပ်ပါပေစ။ ဝါ၊ အလွန်စိတ်ကို ပွါးစေတတ်ပါပေစ။ အတိသုန္ဒရံ၊ အလွန်ကောင်းပါပေစ။ ဣတိဣဒံအတ္ထဇာတံ၊ သည်။ ဝါ၊ ကို။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။ ဒွိသု၊ ကုန်သော။ ဇာတေတေသု အဘိက္ကန္တ သဒ္ဒေသု၊ တို့တွင်။ ဧကေန၊ တခုသော။ အဘိက္ကန္တ သဒ္ဒေန၊ အဘိက္ကန္တ သဒ္ဒါဖြင့်။ ဒေသနံ၊ ဒေသနာတော်ကို။ ရာဇာ၊ သည်။ ထောမေတိ၊ ခြီးမွမ်း၏။ ဧကေန၊ သော။ အဘိက္ကန္တ သဒ္ဒေန၊ ဖြင့်။ အတ္တနော၊ မိမိ၏။ ပသာဒံ၊ ကြည်ညိုခြင်းကို။ ရာဇာ၊ သည်။ ထောမေတိ၊ ၏။ ဟိ၊ မထင်ကွယ်မြုပ်...ပြုအံ့။ အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ ဇာတေတသို့ပါဠေ၊ အဘိက္ကန္တံဘန္တေ–ဟူသော ဤပါဠိ၌။ အဓိပ္ပါယော၊ တည်း။ ဝါ၊ အလိုရှိအပ်သောအနက်တည်း။ ဝါ၊ အဇာတသတ်မင်း၏အလိုတည်း။ ဘန္တေ၊ ရာ။ ဘဂဝတော၊ ၏။ + ယဒိဒံ–ယာအယံဓမ္မဒေသနာ၊ အကြင်တရားဒေသနာတော်သည်။ အတ္ထိ၊ ၏။

---

* မှတ်ချက်။ ။[ဤဂါထာလာ စ,သဒ္ဒါကား(အဝုတ္တသမုစ္စယတ္ထ)ဖြစ်၍ ၎င်း စ,သဒ္ဒါ ပေါင်းစည်းအပ်သော (သမုစ္စေတဗ္ဗ)ဂရဟာ, အသမ္မာနအနက်များကို ထုတ်ဖော်၍ဆိုလိုက်၏။]

+ မှတ်ချက်။ ။[အဘိက္ကန္တံ–စသော ဝါကျဝယ် သုံးနည်းယောဇနာရာ။ ပထမယောဇနာနည်းကိုကား။ လိင်ကို အလေးမပြုအမှုမထားဘဲ အနက်မျှကို ရည်ရွယ်၍ ယောဇနာလိုက်ပေ

http://www.dhammadownload.com

